မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၄)၊ အမှတ်(၉၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည် ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လွတ်လပ်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရန်နှင့် အချုပ်အခြာအာဏာ အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေစေရန် အတွက် ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်သာမက ရရှိပြီးဖြစ်သည့် အမျိုးသားစည်းလုံး ညီညွတ်မှု၊ နိုင်ငံတော်အေးချမ်းသာယာမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုတိုးပွားအောင် ကျွန်ုပ်တို့ ဆက်လက် ဖြည့်ဆည်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နှစ်(၅၀)ပြည့် ရွှေရတု လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ တည်ခင်းဧည့်ခံ

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme Phoebe A.Gomez အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ ကျင်းပသည့် ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ *စာမျက်နှာ ၃ ကော်လံ ၁* ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်လာခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် အမိမြေပေါ်၌ ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ နေထိုင်ခဲ့ကြပြီး ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေပြု၍ အမိနိုင်ငံတော်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြသည်။

၁၉ ရာစု နှောင်းပိုင်းတွင် မြန်မာနိုင်ငံသည် တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ရသည့်အတွက် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးခဲ့ရပေသည်။ သို့ရာတွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အပေါင်းတို့သည် အသက်သွေး ချွေးတို့ဖြင့် ရှုပ်ရှုပ်ချုံချုံ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည့်အတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာတွင်-

"လွတ်လပ်သောနိုင်ငံသားများအဖြစ် မွေးဖွားလာခဲ့ပြီး လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို ကောင်းစွာသိမြင်နားလည်သော ယနေ့လူငယ်များသည် မျိုးဆက်သစ်များပီပီ အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စည်းလုံးညီညွတ်သောအင်အားဖြင့် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသည်"

ဟူ၍ဖော်ပြပါရှိသည်။

နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံကို လက်နက်ဖြင့် ပြောင်ပြောင်တင်းတင်း ကျူးကျော်တိုက်ခိုက်ကာ ကျွန်ပြုသည့်စနစ်သည် ယနေ့ခေတ်တွင် မှေးမှိန်သွားပြီဖြစ်သော်လည်း နိုင်ငံကြီးအချို့သည် သူတစ်ပါး၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း နယ်ပယ်တို့တွင် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ်နေမှုများကို တွေ့မြင်နေရပေသည်။

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားသော ယနေ့နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအတွက် လိုအပ်သော အခြေခံကောင်းများကို ခိုင်မာစွာ တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းဖြစ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည် ဖော်လျက်ရှိပေသည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး မလွဲမသွေပေါ်ပေါက်လာစေရမည်ဟူသော ခိုင်ကျည်တည်မြဲသည့် သန္နိဋ္ဌာန်ဖြင့်-

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊

(၂) ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး

ဟူသော ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်လျက် ညီညွတ်သည့် အင်အား၊ မြင့်မားသည့် စွမ်းဆောင်ချက်တို့ဖြင့် တက်ကြွနိုးကြားစွာ အကောင်အထည်ဖော် ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၅-၁-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၀၀ ၈။ မျိုးချစ်တပ်မတော်
- ၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ ကာတွန်းအစီအစဉ် **"ပင်ကင်းနှင့် လိုက်ကင်း"** (အပိုင်း-၂၅)
- ၆း၅၀ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ခန်းရပ်ချစ်ပုံပြင်"** (အပိုင်း-၂၁)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြဝတီရဲ့မြဝတီ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေဆန်စား"** (အပိုင်း-၃၄) ဇာတ်သိမ်းပိုင်း

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာဗ္ဗိ၊ ပူတင်ထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိ အနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု အစဉ်အလာကောင်းများသည် အရှေ့တောင်အာရှတွင် ငြိမ်းချမ်းမှုနှင့် ကြွယ်ဝချမ်းသာမှုများကို နှစ်နိုင်ငံပြည်သူများအတွင်း နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှု အကျိုးစီးပွားများရရှိလာလိမ့်မည်ဟု မိမိယုံကြည်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံ ပြည်သူ ပြည်သားများ ကျန်းမာချမ်းသာပြီး ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီဟိုင်းယူ၊ဖရက်ဒ်ကော့ဗ်က လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီဗွီလက်ဗ်ရော့ဗ်ထံမှလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့ကြသည်။

ယူကရိန်းနိုင်ငံ

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ယူကရိန်းနိုင်ငံသမ္မတ မစ္စတာဗစ်တာယူရှန်ကိုထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိကိုယ်တိုင်နှင့် ယူကရိန်းနိုင်ငံ ပြည်သူပြည်သားများ ကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံပြည်သူများအတွက် နောက်ထပ်အကျိုးစီးပွားများ တိုးပွားလာလိမ့်မည်ဟု မိမိ အလေးအနက် ယုံကြည်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူပြည်သားများ ကျန်းမာပါစေကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ယူကရိန်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ယူရီရဲခါနရော့ဗ်ထံမှ လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့ ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဘောရစ်တာရာစ်ယုခ်ထံမှလည်းကောင်း လွတ်လပ်ရေးနေ့ဝမ်းမြောက်ကြောင်း သဝဏ်လွှာများအသီးသီးပေးပို့ကြသည်။

ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီပါဗာနော့ဗ်ထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိကိုယ်တိုင်နှင့် ဘူလ်ဂေးရီးယား သမ္မတနိုင်ငံ ပြည်သူများကိုယ်စား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပြည်သူများ ကြွယ်ဝချမ်းသာမှုနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းများ ပေးပို့ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာဂျီ ဆတာနီရှေ့ဗ်ထံမှ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအိုင် ဗိုင်လိုကယ်လ်ဖင်ထံမှ လည်းကောင်း လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ဟယ်လင်းနစ်သမ္မတနိုင်ငံ

၂၀၀၆ခုနှစ် ဇန်နဝါရီ၄ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာကော့စ်တပ်စ်ကာရာမန်လစ်ထံမှ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်သူများ ကြွယ်ဝချမ်းသာမှု၊ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းကျိုးချမ်းသာများ ရရှိပါစေလို့ ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းထံသို့ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပီးတရော့စ်ဂျီ၊မိုလီဗိုင်ယာ့တစ်ထံမှလည်း လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ခင်ပွန်းများနှင့် ဇနီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A.Gomezအမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ ခင်ပွန်းများနှင့်ဇနီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တက်ရောက်

အဆိုပါ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme Phoebe A.Gomezအမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ခင်ပွန်းနှင့်ဇနီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများ၊ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဆပ်ကော်မတီ အသီးသီးမှဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှ ပြည်နယ်နှင့် တိုင်း ဒေသညှိနှိုင်းရေးမှူးများ၊ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုချီးမြှင့်ခြင်းခံရသည့် ဆုရကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အမိန့်ဩဝါဒ

"လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းထက် မွန်မြတ်သော လုပ်ငန်းတာဝန်သည် မရှိပြီ။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် အပြည့်အဝဖြင့် အသက်ပေး ကာကွယ်စောင့် ရှောက်ကြပါစို့"

ဆွေးနွေးအကြံပြုချက်စာတမ်းများ အချုပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဇန်နဝါရီ ၂ ရက်က ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုးကန့် ဒီမိုကရေစီပါတီမှ ဦးယန်ကျင့်ကန်နှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုတ်တို့ ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများ အချုပ်ပိုလေးမျက်နှာ ပူးတွဲပါရှိပါသည်။

(မြန်မာ့အလင်း)

ဧည့်ခံဖျော်ဖြေတင်ဆက်

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့်လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် လည်းကောင်း ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၅–၁–၂၀၀၆ (အဖိတ်နေ့)

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ သံလွင်တံတား(တာပါး)
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၂၀ ၇။ အတီးပြိုင်ပွဲ
၁၇:၂၅ ၈။ မြန်မာစာ မြန်မာစကား
၁၇:၃၅ ၉။ အကပြိုင်ပွဲ
၁၇:၄၀ ၁၀။ **"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၇:၅၀ ၁၁။ တေးဂီတအစီအစဉ်
၁၈:၀၀ ၁၂။ ညနေခင်းသတင်း
၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၄။ အတီးပြိုင်ပွဲ
၁၈:၅၅ ၁၅။ တေးဂီတအစီအစဉ်
၁၉:၁၀ ၁၆။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း–၁)
၁၉:၂၀ ၁၇။ အချုပ်အခြာအာဏာ ခွန်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု **"ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးမှုကဏ္ဍ"**
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

အမေရိကန်နိုင်ငံ မစ်ဇိုရီပြည်နယ် စိန့်လူးဝစ်မြို့ရှိ ငါးပြတိုက်တွင် ပြသထားသော မွေးရာပါ ဦးခေါင်း နှစ်လုံးပါရှိသည့် မြွေတစ်ကောင်ကို ဇန်နဝါရီ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားကာကွယ်တားဆီးရေး သဘောတူညီချက်အရ အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံ နျူကလီးယားဆိုင်ရာစာရင်းများလဲလှယ်

အစ္စလာမ်မာဘတ် ဇန်နဝါရီ ၄

ပါကစ္စတန်နှင့်အိန္ဒိယ နှစ်နိုင်ငံတို့သည် နှစ်နိုင်ငံနျူကလီးယား ကာကွယ်တားဆီးရေး အထူးသဘောတူညီချက်တစ်ရပ်အရ ၎င်းတို့၏ နျူကလီးယားလက်နက် အစိတ်အပိုင်းများ တပ်ဆင်ထားသည့် စာရင်းများအား အပြန်အလှန် လဲလှယ်မှုကို ဇန်နဝါရီ ၁ရက် တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးရုံးက ထုတ်ပြန်သော အစီရင်ခံတစ်ရပ်၌ ဖော်ပြသည်။

လွန်ခဲ့သည့် ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၃၁ရက်က ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံတို့အကြား သဘောတူညီမှုရရှိခဲ့ကြသော နျူကလီးယားလက်နက်များဖြင့် တိုက်ခိုက်မှုအား ဆန့်ကျင်တားဆီးရေး သဘောတူညီချက်စာချုပ်ပါအပိုဒ်(၂)အရ နျူကလီးယားလက်နက်များ လက်ဝယ်ပိုင်ဆိုင်မှု၊စာရင်းများလဲလှယ်မှုကို ပါကစ္စတန်နှင့် အိန္ဒိယ နှစ်နိုင်ငံအစိုးရတို့က အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း ဇန်နဝါရီ ၁ရက်က ထုတ်ပြန်သော ၎င်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

ဖော်ပြ

ထိုသို့ နျူကလီးယားလက်နက်များနှင့် အထောက်အကူပြု ပစ္စည်းများ စာရင်းကို ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အိန္ဒိယမှ အရာရှိကြီးတစ်ဦးဖြစ်သူ ဓာဟီရာအေဂျန်ဂျူရာက အိန္ဒိယ၏ နျူကလီးယားဆိုင်ရာ လက်နက်များစာရင်းကို ပေးအပ်ခဲ့ပြီး ပါကစ္စတန်၏ နျူကလီးယား လက်နက်များ စာရင်းကို အစ္စလာမ်မာဘတ်ရှိ အိန္ဒိယမဟာမင်းကြီး ရုံးတွင် ပါကစ္စတန်အရာရှိကြီးတစ်ဦးက ပေးအပ်ကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြသည်။

အပြန်အလှန်ပေးအပ်

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့သည် လွန်ခဲ့သော ၁၉၉၁ခုနှစ် ဇန်နဝါရီ ၁ရက်ကလည်း နှစ်နိုင်ငံ နျူကလီးယားဆိုင်ရာ စာရင်းကို ပထမဆုံးအကြိမ် အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သဘောတူ

ထိုသို့ နှစ်နိုင်ငံနျူကလီးယားလက်နက်ဆိုင်ရာ စာရင်းကို အပြန်အလှန် ပေးအပ်ရန် ၁၉၈၈ခုနှစ် ဒီဇင်ဘာ ၃၁ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး ထိုစာချုပ်မှာ ၁၉၉၁ခုနှစ် ဇန်နဝါရီ ၂၇ရက်မှစတင်ကာ အာဏာသက်ရောက်ခဲ့သည်။ စာချုပ်အရ အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံတို့သည် နှစ်စဉ် ဇန်နဝါရီ ၁ရက်နေ့တိုင်း နျူကလီးယား လက်နက်ဆိုင်ရာ စာရင်းကို လဲလှယ်ကြရမည်ဟု သဘောတူထားသည်။

အမ်အင်အေ၊ဆင်ဟွာ

နျူကလီးယားစွမ်းအင်အတွက် အီရန်၏ကြိုးပမ်းမှု အနောက်နိုင်ငံများအတွက် ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခဲ့

တီဟီရန် ဇန်နဝါရီ ၄

အီရန်နိုင်ငံသည် သတ္တုရိုင်းများမှ ယူရေနီယံ သန့်စင်ထုတ်ယူရန်အတွက် စက်ယန္တရားများကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ အစ္စလာမ်မစ်နိုင်ငံများ၏ နိုင်ငံတစ်နိုင်ငံအနေဖြင့် နျူကလီးယားနည်းပညာရပ်များတွင် ကိုယ်ကိုယ်တိုင်ပြုလုပ်နိုင်သည့်အခြေအနေရှိသော နိုင်ငံဖြစ်လာရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အီရန်နိုင်ငံက ဇန်နဝါရီ ၁ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင်အဖွဲ့အစည်း (အိုင်အေအီးအို)က ယင်းစက်ယန္တရားများကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ရုပ်သံမှ ထုတ်လွှင့်သွားခဲ့သည်။

အောင်မြင်မှုများရရှိ

ယခုလက်ရှိ ဖြစ်ပေါ်နေသော ပြဿနာများကြောင့် အီရန်နိုင်ငံသည် နိုင်ငံခြားတိုင်းပြည်များမှ ၎င်းစက်ယန္တရားများကို ဝယ်ယူရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် မိမိပြည်တွင်း၌သာ တည်ဆောက်ခဲ့ရခြင်းဖြစ်ပြီး ကံကောင်းထောက်မစွာပဲ အောင်မြင်မှုများကို ရရှိခဲ့ကြောင်း အိုင်အေအီးအိုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နျူကလီးယားစွမ်းအင်လောင်စာ အပြည့်အဝရရှိရန်အတွက် အီရန်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် အနောက်နိုင်ငံများတွင် ထိတ်လန့်ကြောက်ရွံ့မှုများကို ဖြစ်ပေါ်လာစေခဲ့သည်။ အနောက်နိုင်ငံများက အီရန်သည် အဏုမြူလက်နက်များ ထုတ်လုပ်ရန်အတွက် နည်းပညာများကို အသုံးချနိုင်နေပြီဆိုသော စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသည်။ အီရန်နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူရန်အတွက်သာ နျူကလီးယားအထောက်အကူပြု ပစ္စည်းများကို အသုံးပြုနေခြင်းဖြစ်ကြောင်း အီရန်က ပြောကြားလိုက်သည်။

ဩဂုတ်လအတွင်းက အီရန်သည် နျူကလီးယားပြဿနာများနှင့် ပတ်သက်၍ ထိုးဖောက်ကျော်လွှားရန် ထုတ်ပြန်ကြေညာခဲ့သည်။ ဇီဝနည်းပညာကို အသုံးပြုပြီး သတ္တုရိုင်းများမှ ယူရေနီယံအောက်ဆိုက် အရေအတွက် အများအပြားကို ဈေးသက်သာစွာနှင့် ထုတ်ယူရန်အတွက် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌ ဓားစာခံအဖြစ်အဖမ်းခံရသော ဆိုက်ပရပ်(စ်)နိုင်ငံသား ပြန်ပေးဆွဲသူများက ပြန်လည်လွှတ်ပေး

နီကိုးရှား ဇန်နဝါရီ ၄

အီရတ်နိုင်ငံ၌ လွန်ခဲ့သော သုံးလေးလက သေနတ်သမားများက ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် ဆိုက်ပရပ်(စ်)နိုင်ငံသားတစ်ဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း ဆိုက်ပရပ်(စ်)နိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ကြေညာ သည်။

ကြေညာ

ဂါရိုဂျစ်ကာကျန်အား ငါးလခန့် ဖမ်းဆီးထားပြီးနောက် စနေနေ့က ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်အရ သိရှိရသည်။

လက်ဘနွန်နိုင်ငံသားအဖြစ်လည်း ခံယူထားသူ ဂျစ်ကာကျန်သည် ဆိုက်ပရပ်(စ်)နိုင်ငံသို့ နှစ်ရက်အတွင်း ပြန်ရောက်မည်ဟု မျှော်လင့်ရကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ပြန်ပေးဆွဲ

ဘဂ္ဂဒက်မြို့တော် မန်ဆူခရိုင်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအတွက် စားနပ်ရိက္ခာနှင့် အရက်များပေးသွင်းသည့် ဆိုက်ပရပ်(စ်)အခြေစိုက်ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသူ ဂျစ်ကာကျန်အား ဩဂုတ်လတွင် သေနတ်သမားများက ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်၌ သေဆုံးသူကိုးဦး၏ အလောင်းများတွေ့ရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၄

ဘဂ္ဂဒက်မြို့ မြောက်ပိုင်းနှင့် တောင်ပိုင်းတွင် သေဆုံးနေသူ ကိုးဦး၏ ရုပ်အလောင်းများကို အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း၊ ထိုသို့ တွေ့ရှိရမှုမှာ ဇန်နဝါရီ ၂ရက် တနင်္လာနေ့၌ဖြစ်ကြောင်း အီရတ်တပ်ဖွဲ့က ပြောကြားသည်။

ပြောကြား

ဘဂ္ဂဒက်တောင်ပိုင်းတွင် လူသေအလောင်း ရှစ်လောင်းကို တွေ့ရှိရကြောင်း၊ နောက်သေဆုံးသူတစ်ဦးကို ဘဂ္ဂဒက်မြောက်ပိုင်း ဆူလာခရိုင်တွင် တွေ့ရှိခဲ့ရကြောင်း ဘဂ္ဂဒက်ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးဖြစ်သူ အာမက်အဗ္ဗဒူလာက ပြောကြားသည်။

ဖော်ပြ

ထို့အပြင် ဘဂ္ဂဒက်မြို့အနောက်ပိုင်း ဖြတ်သန်းသွားလာမှု ပိတ်ထားသော လမ်းတစ်လမ်းပေါ်တွင် ကင်းလှည့်နေသော အမေရိကန် စစ်ယာဉ်တစ်စီးအနီး လမ်းဘေး ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းတစ်ရပ်၌ ဖော်ပြသည်။

ထိုသို့ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိမှု ရှိမရှိကို သတင်းမသိရသေးကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌ ကားဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွား အီရတ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ ၂၄ဦးဒဏ်ရာရရှိ

တီကရစ် ဇန်နဝါရီ ၄

ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် ဇန်နဝါရီ ၁ရက် တနင်္ဂနွေနေ့က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု နှစ်ခုဖြစ်ပွားခဲ့ရာ အီရတ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ၂၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း တီကရစ်မြို့ရှိ အမေရိကန်-အီရတ် တပ်ဖွဲ့ရုံးက ပြောကြားသည်။

မောင်းဝင်

ဖြစ်ပွားမှုမှာ ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ ဘေဂျီမြို့နှင့် တီကရစ်မြို့အကြား လမ်းမကြီးတစ်ခုတွင် အမေရိကန် စစ်ယာဉ်တန်းတစ်ခုအတွင်းသို့ မော်တော်ယာဉ်ကို မောင်းဝင်ကာ ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု အဆိုပါရုံးက ပြောကြားသည်။

မီးလောင်

ယခုကဲ့သို့ တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီးပျက်စီးသွားပြီး သေဆုံးမှုနှင့် ဒဏ်ရာရမှုများ ရှိခဲ့သည်ဟုလည်းဆက်လက်ပြောကြားသည်။ ထိုအသေခံ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသည့်နေရာအနီးရှိ ဓာတ်ဆီဆိုင်တစ်ဆိုင်လည်း ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားရာ အီရတ်ပြည်သူတို့၏ မော်တော်ယာဉ်အများအပြား မီးလောင်ခဲ့ရပြီး အီရတ်ပြည်သူ ၁၆ဦး ဒဏ်ရာရရှိခဲ့သည်။

တိုက်ခိုက်

နောက်ထပ် ဗုံးပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့ မြောက်ဘက် ဘာလက်မြို့နှင့် ဆာမာရာမြို့အကြားရှိ လမ်းမကြီးတစ်ခုပေါ်တွင် တည်ရှိသော အီရတ်တပ်ဖွဲ့ စစ်အခြေစိုက်စခန်းတစ်ခုအတွင်းသို့ ဗုံးများတင်ဆောင်လာသော မီနီဘတ်စ်ကားတစ်စီးက မောင်းဝင်ပြီး ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။**အမ်အင်အေ၊ဆင်ဟွာ**

လုံခြုံရေးဆောင်ရွက်

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာ၌ လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လွတ်လပ်ရေး၏အနှစ်သာရ၊ အဓိပ္ပာယ်နှင့်တန်ဖိုး မျိုးဆက်သစ်လူငယ်များ ထာဝစဉ်ထိန်းသိမ်း မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များအရေးပါပုံကို စိတ်ထဲစွဲမြဲနေစေရေး ရည်ရွယ် နိုင်ငံရေးအင်အားနှင့် နိုင်ငံတော်ကာကွယ်ရေးအင်အား တောင့်တင်းနေအောင် တည်ဆောက် အင်အားတောင့်တင်းခိုင်မာရေး ကျရာအခန်းကဏ္ဍက တာဝန်သိသိ ပါဝင်ထမ်းဆောင်

အမှာစကားပြောကြား

၂၀၀၆ ခုနှစ်(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် **စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားသည့် မိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်၊ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့်ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကြွရောက်အားပေးကြတဲ့ ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနှင့် ဆုရကျောင်းသူကျောင်းသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် မိမိတို့၏ ကာယ၊ ဉာဏ စွမ်းပကားတို့ဖြင့် နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကမ္ဘာတည်သရွေ့ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်သွားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကောင်းမြတ်တဲ့ရည်ရွယ်ချက်

ဒီနှစ်ကျင်းပပြုလုပ်တဲ့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ကွန်ပျူတာပြိုင်ပွဲ အသီးသီးတို့ကို လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ရေးရဲ့ အနှစ်သာရ၊ လွတ်လပ်ရေးရဲ့ အဓိပ္ပာယ်၊ လွတ်လပ်ရေးရဲ့ တန်ဖိုး၊ လွတ်လပ်ရေးကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပုံတို့နှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့၏အရေးပါပုံတို့ကို မျိုးဆက်သစ် လူငယ်လူရွယ်တို့ရဲ့ စိတ်ထဲနှလုံးထဲမှာစွဲမြဲနေစေဖို့ ကောင်းမြတ်တဲ့ရည်ရွယ်ချက်နဲ့ ယခုလို ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းဖြစ်ပါကြောင်း။

ယခုလို ပြိုင်ပွဲများကျင်းပပြုလုပ်ပေးခဲ့တာ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲအနေနဲ့ ယခုအကြိမ်ဟာ (၁၅)ကြိမ်မြောက် ဖြစ်ပါတယ်။ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကတော့ (၁၄)ကြိမ်မြောက်ဖြစ်ပြီး ကွန်ပျူတာပန်းချီပြိုင်ပွဲကတော့ (၁၀)ကြိမ်မြောက် ဖြစ်ပါတယ်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အထက်တန်းအဆင့်တို့အတွက် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို လွတ်လပ်ရေးနေ့နှင့် အကျုံးဝင်သော ခေါင်းစဉ်များသတ်မှတ်ပေးပြီး ယှဉ်ပြိုင်စေခဲ့ရာ ယခုနှစ်မှာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကျောင်းသူ၊ ကျောင်းသား ၂၈၅၀ဦး၊ အခြေခံပညာအထက်တန်းအဆင့် ယှဉ်ပြိုင်သူ ၁၂၂၅၀၀ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ယှဉ်ပြိုင်သူ ၂၁၆၂၀၀ဦး စုစုပေါင်း ကျောင်းသူ၊ ကျောင်းသား ၃၄၁၅၅၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။

တိုးတက်မြင့်မားလာ

ယခုလို စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွေမှာ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် အဆင့်တိုင်းမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ယှဉ်ပြိုင်လာကြပြီး အရေးအသား၊ အထောက်အထား၊ အဖွဲ့အနွဲ့၊ အချက်အလက်တွေဟာလည်း ပိုမိုပြည့်စုံကောင်းမွန်လာတာတွေ့ရှိရတဲ့အတွက် ယခုလို တစ်နှစ်ထက်တစ်နှစ် အရေအတွက်ရော အရည်အချင်းပါ တိုးတက်မြင့်မားလာတာဟာ ဝမ်းသာဂုဏ်ယူဖွယ်ရာဖြစ်ပါတယ်။

မိမိတို့နိုင်ငံဟာ ရှေးပဝေသဏီကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ပြည်၊ ကိုယ့်မြေ၊ ကိုယ့်ဘုရင်နှင့် တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် ခံ့ခံ့ထည်ထည် နေလာခဲ့ကြတာဖြစ်ပါတယ်။ စည်းလုံးညီညွတ်ရေးကောင်းမွန်တဲ့ အချိန်ကာလတွေမှာ နိုင်ငံရဲ့အင်အားဟာ အလွန်တောင့်တင်းခိုင်မာပြီး အိမ်နီးချင်းနိုင်ငံများကပင် လေးစားရိုကျိုးရတဲ့ အခြေအနေမျိုး ရှိခဲ့ပါတယ်။ အထူးသဖြင့် ပုဂံခေတ် အနော်ရထာမင်းလက်ထက်၊ တောင်ငူခေတ် ဘုရင့်နောင်မင်းတရားလက်ထက်နှင့် ကုန်းဘောင်ခေတ် အလောင်းဘုရားဦးအောင်ဇေယျလက်ထက်တို့ဟာ မြန်မာ့သမိုင်းမှာ မြန်မာလူမျိုးတို့ရဲ့ ဘုန်းမီးနေလ အတောက်ပဆုံးအချိန်ကာလတွေဖြစ်ခဲ့ပါတယ်။ အလားတူပါပဲ စည်းလုံးညီညွတ်မှု ပြိုကွဲတဲ့အချိန်တွေမှာတော့ နိုင်ငံအင်အားဟာ ချည့်နဲ့ ယိမ်းယိုင်ပြီး နယ်စပ်ဒေသတွေမှာ ထောင်ထားခြားနားကြပြီး အချင်းချင်းလည်း စိတ်ဝမ်းကွဲပြားကာ သွေးချောင်းစီးခဲ့ရတဲ့ ဖြစ်ရပ်တွေလည်းရှိခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုးတွေမှာ စည်းလုံးညီညွတ်မှု မရှိမှု၊ အထွေထွေ ချို့ယွင်းအားနည်းမှုတွေကြောင့် နယ်ချဲ့ရဲ့လက်အောက်ကို ကျွန်သပေါက်ဘဝဖြင့် နှစ်ပေါင်း (၁၀၀)ကျော်ကျရောက်ပြီး သူ့ကျွန်ဘဝရဲ့ ခါးသီးတဲ့ အတွေ့အကြုံတွေကို ကျွန်တော်တို့ရဲ့ ဘိုးဘွားမိဘဆွေမျိုးတွေဟာ ခါးစည်းပြီး ခံခဲ့ကြရတာတွေဟာ မမေ့စကောင်းတဲ့ သမိုင်းရဲ့ သင်ခန်းစာတွေဖြစ်ပါတယ်။

တိုင်းရင်းသားတွေဟာ အရေးကြီးတော့လည်း သွေးစည်းခဲ့ကြပါတယ်။ နယ်ချဲ့ဟာ လွတ်လပ်ရေးကို လွယ်လွယ်နဲ့မပေးလိုတဲ့အတွက် တိုင်းရင်းသားအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ရရာလက်နက်ကိုစွဲကိုင်ပြီး မိမိတို့ဒေသအသီးသီးမှာ အချိန်အတန်ကြာအောင် နယ်ချဲ့ကိုနည်းမျိုးစုံနဲ့ တွန်းလှန်တိုက်ခိုက်ကာ အသက် သွေး ချွေး မြောက်မြားစွာပေးပြီး လွတ်လပ်ရေးကို ရယူခဲ့ကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“လွတ်လပ်ရေးဆိုတာ အမှုမဲ့ အမှတ်မဲ့နေရင် ဖျတ်ခနဲဆိုသလို တိုင်းတစ်ပါးရဲ့ ကျွန်ပြုမှုကိုခံရပြီး ဆုံးရှုံးနိုင်တယ်။ ဒါပေမယ့် ပြန်ရဖို့ ကြိုးစားမယ်ဆိုရင်တော့ အသက် သွေး ချွေး မြောက်မြားစွာကို ရင်းနှီးပေးဆပ်ပြီးမှ ပြန်ရတတ်တာမျိုးဖြစ်တယ်”

လို့ မိန့်ကြားခဲ့ပါတယ်။ ဒီမိန့်ကြားချက်ကို မိမိတို့ မျိုးဆက်သစ်လူငယ်များ အမြဲသတိရှိကြဖို့ လိုအပ်တယ်လို့ ပြောကြားလိုပါတယ်။

လက်ဆင့်ကမ်းသယ်ဆောင်

ကျွန်တော်တို့ တိုင်းရင်းသားမြန်မာတို့ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဓလေ့တို့ကို ချစ်မြတ်နိုးတဲ့စိတ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကိုထိလျှင်မချိအောင်နာတတ်သည့်စိတ်၊ ကိုယ့်တိုင်းပြည်အတွက် ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ်စွန့်စားတတ်သည့်စိတ် စတဲ့ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသူများ ဖြစ်တဲ့အပြင် လွတ်လပ်ရေးကိုမြတ်နိုးသူများလည်း ဖြစ်ကြတဲ့အတွက် ဆုံးရှုံးသွားခဲ့ရသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြခြင်းဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမျိုးရိုးဗီဇစိတ်ဓာတ်ကို မိမိတို့အားလုံး သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်း သယ်ဆောင်သွားကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ၁၉၄၈ခုနှစ် ဇန်နဝါရီလ၄ရက်နေ့မှာ လွတ်လပ်ရေးရခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးလို့ မကြာခင်လပိုင်းအတွင်းမှာပဲ နယ်ချဲ့ရဲ့ သွေးခွဲအုပ်ချုပ်ခဲ့မှုတွေကြောင့် ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲတွေ ပြင်းထန်ပြီး လက်နက်စွဲကိုင်တော်လှန်ပုန်ကန်မှုတွေ ပေါ်ပေါက်ခဲ့ရတယ်။ တစ်နိုင်ငံလုံးနီးပါးရှိ မြို့ကြီးတွေကို သောင်းကျန်းသူတွေက သိမ်းပိုက်ထားကြလို့ အစိုးရဆိုတာ ရန်ကုန်မြို့ကွက်ကွက်ပဲ ကျန်တော့တယ်။ ရန်ကုန်အစိုးရရယ်လို့ ပြက်ရယ်ပြုပြီး အခေါ်ခံခဲ့ရတာ ကြားဖူးကြမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာ တပ်မတော်ဟာ ရှိစုမဲ့စုတပ်ရင်းလေးတွေကို စုစည်းပြီး သောင်းကျန်းသူတွေ သိမ်းပိုက်ထားတဲ့ မြို့တွေကို တစ်မြို့ပြီးတစ်မြို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရတယ်။ တိုင်းပြည်ကနုန့၊ မုန်တိုင်းကထန်ထန်ဆိုတဲ့ အချိန်ကာလတွေပဲ ဖြစ်တယ်။ အဲဒီတုန်းက နိုင်ငံ့တာဝန်ယူခဲ့ရတဲ့ ပါတီစုံဒီမိုကရေစီအစိုးရဟာ တိုင်းပြည်မှာ စည်းလုံးညီညွတ်မှုတွေ ပြိုကွဲပြီး သူပုန်သူကန်တွေ ဆူပူလုယက် ဖျက်ဆီး သတ်ဖြတ်မှုတွေကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် မည်မည်ရရ မပြုလုပ်နိုင်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။

သမိုင်းပေးတာဝန်အရ

၁၉၆၂ ခုနှစ်မှာတော့ ပြည်နယ်အချို့ ခွဲထွက်ဖို့ကြံစည်ကြတာကြောင့် တိုင်းပြည်ဖရိုဖရဲနဲ့ ပြိုကွဲတော့မည့် အန္တရာယ်ကိုမြင်လို့ တပ်မတော်က အာဏာသိမ်းပိုက်ခဲ့ရတယ်။ ၁၉၇၄ခုနှစ်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ခုရေးဆွဲပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုပြီး တစ်ပါတီစနစ်နဲ့ တိုင်းပြည်ကို ၂၆နှစ်တိုင် အုပ်ချုပ်ခဲ့တယ်။ တစ်ပါတီစနစ်နဲ့ အုပ်ချုပ်ခဲ့ရာမှာလည်း ပြည်တွင်းဆူပူသောင်းကျန်းမှု အန္တရာယ်တွေ ရှိနေဆဲပဲဖြစ်ပါတယ်။ နောက်ဆုံးမှာ ပြည်တွင်းမတည်မငြိမ်ရှိမှု၊ စီးပွားရေး နိမ့်ကျမှုတွေကြောင့် ၁၉၈၈ခုနှစ် အရေးအခင်းဖြစ်ပေါ်ပြီး အုပ်ချုပ်ရေးယန္တရား ပျက်ပြားကာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ပါ ထိခိုက်ပျက်စီးဆုံးရှုံးတော့မယ့် အခြေအနေကိုဆိုက်ရောက်လာခဲ့တာကြောင့် သမိုင်းပေးတာဝန်အရ တပ်မတော်ဟာ တိုင်းပြည်ရဲ့တာဝန်ကို ရယူခဲ့ရပြန်ပါတယ်။

ဒီကနေ့ တပ်မတော်အစိုးရဟာ ယခင်တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ သမိုင်းရဲ့ သင်ခန်းစာတွေကိုရယူပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ တိုင်းပြည်တည်ငြိမ်အောင်၊ အေးချမ်းအောင်၊ လုံခြုံအောင်၊ တရားဥပဒေ စိုးမိုးအောင် ဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ချက် (၁၂)ရပ်ချမှတ်ပြီး အခက်အခဲအမျိုးမျိုး အနှောင့်အယှက် အဟန့်အတား အပိတ်အဆို့ အမျိုးအမျိုးကြားက လှုပ်ရှားရုန်းကန်ပြီး ကိုယ့်ခွန်ကိုယ့်အားနဲ့ တိုင်းပြည်ကို တည်ဆောက်ခဲ့ရတာ အားလုံးအသိပဲ ဖြစ်ပါတယ်၊ ယခုအချိန်မှာ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး အရှိန်အဟုန်နဲ့ တိုးတက်လာနေတာ အားလုံးမျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်၊ ပြည်တွင်းကရော ပြည်ပကပါ အဖျက်သမားအန္တရာယ်တွေ ရှိနေတာကြောင့် ဤဖြစ်တည် တိုးတက်မှုတွေ မပျက်မယွင်း၊ မပျောက်မပျက်စေရအောင် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲပြီး ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွားကြရမှာ ဖြစ်ပါတယ်။

တာဝန်သိသိပါဝင်ထမ်းဆောင်

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ မိမိတို့ဟာ လွတ်လပ်ရေးကို ချစ်ခင်မြတ်နိုးတဲ့ လူမျိုးများ ဖြစ်ပါတယ်။ လွတ်လပ်ရေးကို ချစ်ခင်မြတ်နိုးရုံနှင့် မပြီးပါဘူး၊ ကာကွယ်စောင့်ရှောက်ဖို့လည်း လိုအပ်ပါတယ်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် မိမိတို့မှာ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝဖို့လိုအပ်ပါတယ်။ နိုင်ငံအနေနဲ့ ကြည့်မယ်ဆိုရင်တော့ မိမိတို့နိုင်ငံမှာ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနဲ့ နိုင်ငံတော်ကာကွယ်ရေး အင်အားတို့ တောင့်တင်းနေအောင် တည်ဆောက်ထားဖို့ လိုအပ်ပါတယ်။ ဒီအင်အားတွေ နိုင်ငံတော်မှာတောင့်တင်းခိုင်မာနေအောင် မိမိတို့ကျရာ အခန်းကဏ္ဍက တာဝန်သိသိနဲ့ ပါဝင်ထမ်းဆောင်ကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

(သတင်းစဉ်)

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ

အမှတ်၊ ၁/၂၀၀၆

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

ယမန်နေ့ကအဆက်

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် (အဆက်)

၃၈။ ဘဒ္ဒန္တဉာဏသေဌ အောင်မြေရတနာကျောင်းတိုက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၃၉။ ဘဒ္ဒန္တပညာနန္ဒ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဘဒ္ဒန္တပညာသာရ လေးထပ်ကျောင်းတိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၁။ ဘဒ္ဒန္တဝိလာသ ကန်ဦးဇေတဝန်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၂။ ဘဒ္ဒန္တတေဇဝန္တ ပခုက္ကူကျောင်းတိုက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၃။ ဘဒ္ဒန္တအရိယဝံသ ရွှေစာရံကျောင်းတိုက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၄၄။ ဘဒ္ဒန္တနန္ဒသာရ အသောကာရုံရွှေကျင်ကျောင်းတိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၅။ ဘဒ္ဒန္တသုမင်္ဂလ အောင်မြေရတနာကျောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄၆။ ဘဒ္ဒန္တနရိန္ဒ ပိဋကသုံးပုံနိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄၇။ ဘဒ္ဒန္တဉာဏိန္ဒ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

၄၈။ ဘဒ္ဒန္တဇောတိပါလ ရွှေရန်ပြေကျောင်းတိုက်၊ ရပ်စောက်မြို့၊ ရှမ်းပြည်နယ်။

၄၉။ ဘဒ္ဒန္တအဂ္ဂဝံသ ခေါင်တိုင်ဝိဇ္ဇာလယကျောင်းတိုက်၊ ခေါင်တိုင်ရွာ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်။

၅၀။ ဘဒ္ဒန္တပဏ္ဍဝ ခန္တီရာမစာသင်တိုက်၊ သီပေါမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။

၅၁။ ဘဒ္ဒန္တစန္ဒသိရီ မြစ်ကွေ့ပရိယတ္တိစာသင်တိုက်၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၅၂။ ဒေါ်ကေတုဝတီ ဂူနီချောင်း သောတပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅၃။ ဒေါ်တိရဏဉာဏီ သမိဒ္ဓေါဒယချောင်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅၄။ ဒေါ်ပုညဝတီ ဧသုဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၅၅။ ဒေါ်ခေမာစာရီ ချမ်းမြရုံသီ သီလရှင်စာသင်တိုက်၊ ရန်ကင်းတောင်ခြေ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။

၅၆။ ဒေါ်ကုန္တာစာရီ ရွှေမြိုင်သီရိ သီလရှင်စာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅၇။ ဒေါ်ပညာစာရီ ရွှေမောင်းသာသနာ့ဝေပုလ္လသီလရှင်စာသင်တိုက်၊ (၅)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအရိယဝံသ အောင်ဆုပန်ကျောင်းတိုက်၊ သပြေသာကျေးရွာ၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တဝိစိတ္တ မြို့မပရိယတ္တိစာသင်တိုက်၊ ဗန်းမောက်မြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တဉာဏာလင်္ကာရ ကန်သာစာသင်တိုက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။

၄။ ဘဒ္ဒန္တပုညာနန္ဒ ကြခတ်ဝိုင်းကျောင်းတိုက်၊ သွန်းဘုရားရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၅။ ဘဒ္ဒန္တကဝိဓဇ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်၊ မြို့ထွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၆။ ဘဒ္ဒန္တသာသနာဓဇ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်း။

၇။ ဘဒ္ဒန္တဝါယမ မဟာဓမ္မိကာရာမစမ္မာယ်ရုံကျောင်းတိုက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်း။

၈။ ဘဒ္ဒန္တအဂ္ဂဓဇ မဟာဝိသုတာရာမကျောင်းတိုက်၊ စလင်းမြို့၊ မကွေးတိုင်း။

၉။ ဘဒ္ဒန္တဝါသဝ ရတနာသိဃ်ၤပရိယတ္တိကျောင်း၊ သစ်ဆိမ့်တိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၁၀။ ဘဒ္ဒန္တပဉ္ဉောဘာသ နဂါးကျောင်းပရိယတ္တိစာသင်တိုက်၊ ကျောက်ဖြူမြို့ ရခိုင်ပြည်နယ်။

၁၁။ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ဓမ္မာလင်္ကာရတိုက်ကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၂။ ဘဒ္ဒန္တသောဘိတ သံတံတားရွာဦးပရိယတ္တိစာသင်တိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။

၁၃။ ဘဒ္ဒန္တသုနန္ဒဝံသ မင်္ဂလာကန်ဦးပရိယတ္တိစာသင်တိုက်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၄။ ဘဒ္ဒန္တဥတ္တရ မဟာပုညာရာမထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။

သီလရှင်ဆရာကြီးများ

၁၅။ ဒေါ်ကလျာဏစာရီ ရှားပင်တိုက်သစ်သီလရှင်စာသင်တိုက်၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၆။ ဒေ ါ်နန္ဒာရီ ဓမ္မမေဒနီသီလရှင်စာသင်တိုက်၊ လယ်တီရပ်၊ မုံရွာမြို့ စစ်ကိုင်းတိုင်း။

၁၇။ ဒေါ်အစ္စရိယဉာဏီ သာသနာ့ဗိမာန်သီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်း။

၁၈။ ဒေါ်ဝေဒေဟီ ဂူနီချောင်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၉။ ဒေါ်ဂုဏဝတီ ဇေယျာသိဂီသီလရှင်ကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂၀။ ဒေါ်သုသိမာ နိဗ္ဗိန္ဒတောင်တောရကျောင်းတိုက် ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောသလ္လ ဆင်ကျုံးတောရကျောင်းတိုက်၊ ဝါးတိုး(အလယ်-၁)ရပ်ကွက်၊ ရမည်းသင်းမြို့နယ် မန္တလေးတိုင်း။

၂။ ဘဒ္ဒန္တသီရိဓမ္မ မဟာသိပ္ပံပရိယတ္တိစာသင်တိုက်၊ငမိုးရိပ်ရပ်ကွက် ၁၀ လမ်း၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ စလင်းကျောင်းတိုက်၊ ပိဋကတ်တိုက်ကျောင်း ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ဘဒ္ဒန္တဓမ္မသိရီ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ဆန့်ဆိုင်ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၅။ ဘဒ္ဒန္တသီရိန္ဒရ ကမ္ဘာအေးကျောင်းတိုက်၊ နှစ်ကျိပ်ရှစ်ဆူလမ်း၊ ပုသိမ်မြို့ ဧရာဝတီတိုင်း။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တမာနိတ မြို့မရွှေဂူကျောင်းတိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တပညာဝံသ ဇမ္ဗူရောင်ခြည်ကျောင်းတိုက်၊ ထန်းတောရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တသုဒဿန ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ လေရှီးမြို့၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တဉာဏိဿရ နတ်မောက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြိတ်တောင်ရပ်ကွက်၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း။

၅။ ဘဒ္ဒန္တအာစိဏ္ဏ မဟာဝိသုတာရာမကျောင်းကြီးတိုက်၊ သီရိရတနာရပ်ကွက်၊ ထန်းတပင်မြို့၊ တောင်ငူခရိုင်၊ ပဲခူးတိုင်း။

၆။ ဘဒ္ဒန္တတိလောက ကိုးသိန်းကျောင်းတိုက်၊ မြို့ထွင်းကြီးရပ်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၇။ ဘဒ္ဒန္တဇောတိက စစ်ကိုင်းကျောင်းတိုက်၊ အမှတ်(၉)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အင်းတကော်စံပြကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

၈။ ဘဒ္ဒန္တကုန္ဒက ဒက္ခိဏာရာမအသောကာရုံကျောင်းတိုက်၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

၉။ ဘဒ္ဒန္တသုမန ခေမာသီဝံကျောင်းတိုက်၊ သာစည်ရပ်ကွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၁၀။ ဘဒ္ဒန္တဝေပုလ္လ ဝေပုလ္လရာမကျောင်းတိုက်၊ ဆင်စုရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၁၁။ ဘဒ္ဒန္တဇနိတ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အိုးဘိုရပ်၊ ရေနံချောင်းမြို့၊ မကွေးတိုင်း။

၁၂။ ဘဒ္ဒန္တကုန္ဒာစရိယ အောင်ခေမာကျောင်းတိုက်၊ ကွမ်ရိုက်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်။

၁၃။ ဘဒ္ဒန္တစန္ဒိမာစာရ ပန်းခြံကျောင်းတိုက်၊ သီရိမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၄။ ဘဒ္ဒန္တနာရဒ ဓမ္မသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေမြိုင်သီရိရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၅။ ဘဒ္ဒန္တသုန္ဒရာဘိဝံသ သာသနဝိပုလာရာမကြာကန်ကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ တောင်သာမြို့၊ မန္တလေးတိုင်း။

၁၆။ ဘဒ္ဒန္တအာစိဏ္ဏ ဇေယျသုခကျောင်း၊ ကိုးဆောင်ကျောင်းတိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၁၇။ ဘဒ္ဒန္တစန္ဒိမာ အမ်ဘီအိုအေ မိဘမဲ့ကလေးများ သာသနာပြုကျောင်း၊ အမှတ်(၂)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ငါးစုံတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၈။ ဘဒ္ဒန္တဂဏသေဋ္ဌိ ဆုတောင်းပြည့်ကျောင်းတိုက်၊ သိမ်တောင်ရပ်ကွက်၊ တောင်ကုတ်မြို့နယ်၊ ရခိုင်ပြည်နယ်။

၁၉။ ဘဒ္ဒန္တနန္ဒိသာရ အေးစေတီပရိယတ္တိစာသင်တိုက်၊ ဘူးသီးတောင်မြို့၊ ရခိုင်ပြည်နယ်။

၂၀။ ဘဒ္ဒန္တဂဏိဿရ ရွှေဟင်္သာကျောင်းသစ်ကျောင်းတိုက်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ဘဒ္ဒန္တကဝိဓဇ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ဘဒ္ဒန္တအာစိဏ္ဏ တေဇာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ (၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

၂၃။ ဘဒ္ဒန္တသောဘဏ အဘယာရာမကျောင်းတိုက်၊ အာဒိကာရုံကျောင်းတိုက်၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ဘဒ္ဒန္တနေမိန္ဒ မြို့မနိမ္မိတာရုံပရိယတ္တိစာသင်တိုက်၊ တာလမ်းသစ်ရပ်ကွက်၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ဘဒ္ဒန္တအရိယဝံသ အာယုဒိဃပျိုးဉယျာဉ်ကျောင်းတိုက်၊ ပျဉ်းမပင်ကျေးရွာ အုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

၂၆။ ဘဒ္ဒန္တဇာနေယျ ဓမ္မမေဒိနီစာသင်တိုက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ ဈ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂၇။ ဘဒ္ဒန္တကုသလ နတ်မောက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၂၈။ ဘဒ္ဒန္တကောသလ္လ စံပြသာသနာပြုကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၉။ ဘဒ္ဒန္တသောဘန ရွှေမင်းဝံသာသနာ့ရိပ်သာကျောင်းတိုက်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၀။ ဘဒ္ဒန္တပဏ္ဍိတဝရ ပြည်လုံးချမ်းသာရွှေကျောင်းတိုက်၊ ရေလဲကလေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။

ပြည်ပဆရာတော်ကြီးများ

၃၁။ ဘဒ္ဒန္တအာသဘ ချင်းမိုင်ခရိုင်၊ ချင်းမိုင်မြို့၊ ဝပ်ဆိုင်းမွန်မြန်မာကျောင်းတိုက်၊ ထိုင်းနိုင်ငံ။

၃၂။ ဘဒ္ဒန္တကုသလ (အရှင်ရှင်တောက်)၊ လင်ဂျူတောင်တန်း ဗုဒ္ဓသာသနာပြုအဖွဲ့၊ ဟောင်ကောင်မြို့၊ တရုတ်နိုင်ငံ။

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစိန္တိတ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပန်ဝါမြို့၊ ကချင်အထူးဒေသ(၁)၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တစန္ဒောဘာသ ကြက်တူရွေးကျောင်း၊ ကြက်တူရွေးရွာ၊ လှိုင်းဘွဲမြို့နယ်၊ ကရင်ပြည်နယ်။

၃။ ဘဒ္ဒန္တတေဇနိယ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကော့ကရက်ကျေးရွာ၊ ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်။

၄။ ဘဒ္ဒန္တသုမနဒီပ ဓမ္မမင်းစံအေးရိပ်သာကျောင်း၊ တောင်စွန်းရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၅။ ဘဒ္ဒန္တရာဇိန္ဒ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အမှတ်(၁)ရပ်ကွက်၊ ရိခေါဒါရ်မြို့၊ ဖလမ်းမြို့နယ်၊ ချင်းပြည်နယ်။

၆။ ဘဒ္ဒန္တအရိန္ဒမ မိကျောင်းအင်းကျောင်း၊ မိကျောင်းအင်းကျေးရွာ၊ ပင်လယ်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၇။ ဘဒ္ဒန္တဂုဏကိတ္တိ သာသနာ့ဝေပုလ္လကျောင်း၊ မှန်ပင်ရွာ၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တပဒုမ မဟာကန်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၉။ ဘဒ္ဒန္တဥတ္တရ ဓမ္မပါလဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဆင်သေရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၀။ ဘဒ္ဒန္တမာနိတသိရီ မြို့မသာသနာ့ရိပ်သာကျောင်း၊ မြို့မရပ်ကွက်၊ တမူးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၁။ ဘဒ္ဒန္တဇဝန ကန်သာယာထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း(ဗဟို)၊ ကန်သာယာကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၂။ ဘဒ္ဒန္တအာသဘ မဟာဗောဓိကျောင်း၊ ရေဖြူရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း။

၁၃။ ဘဒ္ဒန္တပညာဝံသ ဇေယျာဘုမ္မိဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၁၄။ ဘဒ္ဒန္တဝီရိယ ရတနသိရီကျောင်းတိုက်၊ ဂေါ့အင်းကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း။

၁၅။ ဘဒ္ဒန္တကောသလ္လ ညောင်ဇင်ကျောင်းသစ်ကျောင်းတိုက်၊ ညောင်ဇင်ရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း။

၁၆။ ဘဒ္ဒန္တပညာဝံသ ရန်ကြီးအောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပုလုံးတုံတုံးကျေးရွာ၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်း။

၁၇။ ဘဒ္ဒန္တကေသဝသာမိ မဟာဝိဇိတာရာမအလံပြဘုရားကျောင်း၊ အမှတ်(၅)ရပ်ကွက်၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်း။

၁၈။ ဘဒ္ဒန္တဂန္ဓသာရ ရွှေဂူလေးမဟာပဒုမစာသင်တိုက်၊ ကလျာဏီရပ်ကွက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

၁၉။ ဘဒ္ဒန္တဓမ္မပိယ စိတ္တသုခကျောင်း၊ စိန်ကန့်လန့်ရွာ၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၂၀။ ဘဒ္ဒန္တဝါယမ ကြို့ရပ်သာကျောင်းတိုက်၊ ဆင်မြီးဆွဲမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၂၁။ ဘဒ္ဒန္တဇဝန သာသနမဥ္ဇူရွာဦးကျောင်းတိုက်၊ ကံသစ်ရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်း။

၂၂။ ဘဒ္ဒန္တတေဇောဘာသ အောင်မြေဘုံကျောင်းတိုက်၊ တောင်ပြင်(၁)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်း။

၂၃။ ဘဒ္ဒန္တကေသဝ ဘာဝနာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ထုံးတောင်ကျေးရွာ၊ သရက်မြို့နယ်၊ မကွေးတိုင်း။

၂၄။ ဘဒ္ဒန္တဇာဂရ မဟာရင်ကျောင်း၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၂၅။ ဘဒ္ဒန္တတေဇောသာရ ရွှေမြဝင်းအုတ်ကျောင်း၊ ချမ်းသာကြီးမြောက်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၆။ ဘဒ္ဒန္တဝဏ္ဏိတ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၇။ ဘဒ္ဒန္တဇာနေယျ ပုလဲမြင့်ဘုန်းတော်ကြီးသင်အလယ်တန်းကျောင်း၊ ရွှေပြည်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၈။ ဘဒ္ဒန္တနန္ဒိယ ဓမ္မပါလအုတ်ကျောင်း၊ မင်းကျောင်းစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်း။

၂၉။ ဘဒ္ဒန္တပဏ္ဍိစ္စ အုင်ကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရုံးစည်းကြီးကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း။

၃၀။ ဘဒ္ဒန္တဝဏ္ဏိတ ရွာဦးပရိယတ္တိကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပုဒါတ်စာကုန်းကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း။

(ဆက်လက်ဖော်ပြပါမည်)

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂/၂၀၀၆

၁၃၆၇ခုနှစ်၊ ပြာသိုလဆန်း ၆ရက်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်-

(ယမန်နေ့မှအဆက်)

စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)(အဆက်)

၃၄။ ဦးလှဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အကြံပေးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

၃၅။ ဦးမောင်မောင်စိန် ညွှန်ကြားရေးမှူး၊ ပျားလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

၃၆။ ဦးခင်မောင်ကြီး ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(ရုံးချုပ်)ရန်ကုန်တိုင်း၊ စွမ်းအင်ဝန်ကြီးဌာန။

၃၇။ ဦးကျော်ရဲထွန်း ပါမောက္ခချုပ်၊ တောင်ငူတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။

၃၈။ ဦးစိန်ဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန။

၃၉။ ဦးထွန်းကြည် ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၄၀။ ဦးခင်မောင်တင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြင်ပသင်တန်း) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၄၁။ ဦးသောင်းရွှေ ညွှန်ကြားရေးမှူး (လေ့ကျင့်ရေး/ပြည်တွင်း) ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၄၂။ ဒေါ်စီစီ ကျောင်းအုပ်ကြီး၊ ပုသိမ်ပညာရေးကောလိပ်၊ ပညာရေးဝန်ကြီးဌာန။

၄၃။ ဒေါ်ကြည်မြိုင် ကျောင်းအုပ်ကြီး၊ တောင်ငူပညာရေးကောလိပ်၊ ပညာရေးဝန်ကြီးဌာန။

၄၄။ ဦးရန်နိုင် အကြံပေးအရာရှိ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၄၅။ ဒေါ်တင်မေဝင်း ဒုတိယကျောင်းအုပ်ကြီး၊ သင်္ဃန်းကျွန်းပညာရေးကောလိပ်၊ ပညာရေးဝန်ကြီးဌာန။

၄၆။ ဒေါက်တာထွန်းသန်းထွန်း ဌာနမှူး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

၄၇။ ဦးဇော်ဝင်း ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

စီမံထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဒေါ်မိမိရီ ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး။

၂။ ဦးခင်မောင်ဝင်း ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး။

၃။ ဦးတင်အုန်း ဌာနမှူး(စီမံခန့်ခွဲရေး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၄။ ဒေါက်တာဒေါ်ရီရီဝင်း ဆေးရုံမှူး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၅။ ဒေါ်အေးအေးကြိုင် ပါမောက္ခ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

၆။ ဦးလှဆင့် ဒုတိယအထွေထွေမန်နေဂျာ၊ ထုတ်လုပ်မှုဌာနခွဲ၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၇။ ဦးဉာဏ်ဝင်း ကြီးကြပ်ရေးမှူး၊ သယ်ယူပို့ဆောင်ရေးဌာနခွဲ၊ မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၈။ ဦးအောင်ဝင်း စက်ရုံမှူး၊ အမှတ်၁၈၊ ဖွဲ့နုဆီစက်၊ ဇီးကုန်းမြို့၊ မြန်မာလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၉။ ဦးစိုးမင်း အင်ဂျင်နီယာမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၂)မြစ်ငယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၁၀။ ဦးစိုင်းကျော်မိုး အင်ဂျင်နီယာမှူး(မြို့ပြ)၊ မအူပင်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၁၁။ ဦးမြင့်ဆွေ အင်ဂျင်နီယာမှူး(မြို့ပြ)၊ မြောင်းမြခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၁၂။ ဦးသက်လင်း လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ တံတားအထူးအဖွဲ့(၁၅) မြစ်ကြီးနား၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၁၃။ ဦးငွေစိုးလွင် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)၊ မင်းတပ်မြို့နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။

၁၄။ ဦးအောင်နိုင်(ကွယ်လွန်) လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) မိုင်းပျဉ်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန။

၁၅။ ဦးမျိုးသန်း အထွေထွေမန်နေဂျာ၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း သမဝါယမဝန်ကြီးဌာန။

၁၆။ ဦးကျော်ဝင်း ပါမောက္ခ၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၊ သမဝါယမဝန်ကြီးဌာန။

၁၆။ ဦးကျော်ဝင်း ပါမောက္ခ၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်၊ သမဝါယမဝန်ကြီးဌာန။

၁၇။ ဦးကျော်လှိုင် ညွှန်ကြားရေးမှူး၊ သမဝါယမဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန။

၁၈။ ဦးတင်မောင်ဌေး ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၁၉။ ဦးလှကျော် ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၂၀။ ဦးကျော်စိုး ဘူမိဗေဒအရာရှိ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

၂၁။ ဦးလှထွန်း (ပ/၄၀၅၈) ခရိုင်အုပ်ချုပ်ရေးမှူး၊ ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၂။ ဦးရဲကျော်ခိုင်(ပ/၃၄၄၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊ သိန်းနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၃။ ဦးစိန်မောင်ဝင်း(ပ/၃၁၈၁) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၄။ ဦးမြတ်သိန်းထွန်း(ပ/၃၈၃၆) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကလေးဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၅။ ဦးအောင်မြင့်(ပ/၃၃၁၃) မြို့နယ်အုပ်ချုပ်ရေးမှူး၊ တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၆။ ဦးလှဝေ (ပ/၃၂၂၈) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၇။ ဦးထိန်လင်း(ပ/၃၇၄၆) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၈။ ဦးသိမ်းဌေး၊ (ပ/၃၇၇၀) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၉။ ဦးကိုကိုလွင်(ပ/၃၅၅၆) မြို့နယ်အုပ်ချုပ်ရေးမှူး၊ နောင်ချိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၀။ ဦးမောင်မောင်စိုး(ပ/၃၁၇၅) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၁။ ဦးနေအောင်(ပ/၃၈၃၄) မြို့နယ်အုပ်ချုပ်ရေးမှူး၊ အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၂။ ဦးမြင့်ခိုင် (ပ/၄၀၂၉) မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး၊ ပလောက်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၃။ လ-၁၅၆၄၊ ဒုတိယရဲမှူးကြီးစိန်မြ၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃၄။ ဒေါ်ခင်ခင်ဝင်း ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၃၅။ ဒေါ်မြင့်မြင့်သန်း ဒု-အထွေထွေမန်နေဂျာ(စာရင်း)၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၃၆။ ဒေါ်ခင်မြင့်ခိုင် လက်ထောက်ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန။

၃၇။ ဦးဘိုးသာ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန။

၃၈။ ဦးတင်ညို ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန။

၃၉။ ဦးဝင်းဌေး ဒုတိယအင်ဂျင်နီယာချုပ်၊ စည်ပင်သာယာရေးဦးစီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန။

၄၀။ ဦးစိုးအောင် ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန။

၄၁။ ဦးဉာဏ်လင်းမြင့် ဒုတိယညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန။

၄၂။ ဦးညီညီလွင် လက်ထောက်ညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန။

၄၃။ ဦးစိုင်းထွန်းညို လက်ထောက်ညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန။

၄၄။ ဦးခင်မောင်တင် ပါမောက္ခ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပို့ဆောင်ရေးဝန်ကြီးဌာန။

၄၅။ ဒေါ်စန္ဒာခင် ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန။

၄၆။ ဦးဝေလွင် ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန။

၄၇။ ဦးမိုးကျော်ကျော် ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန။

၄၈။ ဦးဇော်ဌေး ညွှန်ကြားရေးမှူး၊ ထုတ်လုပ်ရေးဌာနခွဲ၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၄၉။ ဒေါ်သိန်းသိန်းခင် တွဲဖက်ပါမောက္ခ(သဘင်)၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၅၀။ ဦးတင်အောင်စိုး ဒုတိယညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၅၁။ ဦးကျော်ဦးလွင် ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန။

၅၂။ ဦးသွင်လင်း(ကွယ်လွန်) လက်ထောက်အထွေထွေမန်နေဂျာ၊ မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၅၃။ ဦးမောင်မောင်ဝင်း လက်ထောက်အထွေထွေမန်နေဂျာ၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန။

၅၄။ ဒေါက်တာတင်အေးကြည် ဒုတိယညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

၅၅။ ဒေါက်တာအောင်ခင် ဒုတိယညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

၅၆။ ဦးလှအောင် အမှုဆောင်အင်ဂျင်နီယာ(ခ)စက်မှု၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(မြန်အောင်ရေနံမြေ) ဧရာဝတီတိုင်း၊ စွမ်းအင်ဝန်ကြီးဌာန။

၅၇။ ဒေါ်ခင်ဝင်း ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒီဇိုင်းပုံထုတ်နှင့်ပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန(ရုံးချုပ်)၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။

၅၈။ ဒေါက်တာပြုံးချို တာဝန်ခံဆရာဝန်၊ ပလောက်မြို့နယ်ခွဲ ကျန်းမာရေးဦးစီးဌာန၊ ပုလောမြို့နယ်၊ တနင်္သာရီတိုင်း၊ ကျန်းမာရေးဝန်ကြီးဌာန။

၅၉။ ဦးကံမြင့်၊ လက်ထောက်ဌာနမှူး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

၆၀။ ဦးနိန်ခွီရိုန်း ရယကဥက္ကဋ္ဌ၊ ဝမ္မသူးကျေးရွာအုပ်စု၊ မင်းတပ်မြို့နယ်။

၆၁။ ကြည်း ၂၄၀၅၇ ဗိုလ်ကြီးအေးလွင်၊ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ နန်းယွန်းမြို့၊ စစ်ကိုင်းတိုင်း။

၆၂။ ဦးထွန်းအောင် ဥက္ကဋ္ဌ မဇောကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း။

၆၃။ ဦးမောင်စိုး ဥက္ကဋ္ဌ ကဒဲကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပုလောမြို့၊ တနင်္သာရီတိုင်း။

၆၄။ ဦးလှထွန်း ဥက္ကဋ္ဌ အမှတ်၁၆ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၆၅။ ဦးစိန်ဝင်း ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

လူမှုထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဦးရည်နွယ် ကထိက(ဂီတ)၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ယဉ်ကျေးမှုဝန်ကြီးဌာန။

၂။ ဦးစိန်စတင်း ဥက္ကဋ္ဌ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး(ဂ/၂၃၅) မေဓာဝီလမ်း၊ မြောက်ဥက္ကလာပ၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

၃။ ဦးမိုးမြင့် ဥက္ကဋ္ဌ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။

၄။ ဒေါ်ကြူကြူ ဒု-ဥက္ကဋ္ဌ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။

၅။ ဦးမောင်မောင်သိန်း(ဥက္ကဋ္ဌ) မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံး၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၆။ ဒေါက်တာစန်းနွယ်အုန်း(ခ)ဒေါ်ရီရီအုန်း၊ ကမ်းနားလမ်း၊ ဈေးရပ်ကွက် သုံးဆယ်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၇။ ပါမောက္ခဒေါက်တာဦးကိုလေး၊ မျက်စိအထူးကုဆရာဝန်ကြီး၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)နာယက၊ မန္တလေးတိုင်း။

၈။ ဒေါ်မြင့်အေး"အောင်" စက်နှင့်စက်အပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်၊ အမှတ်၉၁၊ ဗဟိုလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၉။ ဒေါက်တာဦးခင်လှိုင်(ကမ္ဘောဇ) ဆေးရုံအုပ်ကြီး(အငြိမ်းစား)(၁/ခ) သိန္နီဟော်ဝင်း ရပ်ကွက်(၁)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။

၁၀။ ဦးသိန်းဝင်း(ခ)ဦးအိုက်ဆမ် ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၁၁။ ဦးစိုင်းမွန်း ဥက္ကဋ္ဌ မန်ပန်ဌာနေ ပြည်သူ့စစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၁၂။ ဦးရွှေလှိုင် မန်နေဂျင်းဒါရိုက်တာ၊ ဝါဝါဝင်း၊ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း။

၁၃။ ဦးမောင်မောင်အေး စက်ခန်းအုပ်(ပ)၊ ရေနံနှင့်ရေနံဓာတုပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၁၄။ ဦးကျော်ဝင်းနိုင် နာရီပြင် အမှတ် ၂၀၃ ဓမ္မသုခကျောင်းလမ်း၊ အမှတ် ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

၁၅။ ဦးတင်မြင့် (မတလ-၄၃၀၀)ခရိုင်ဦးစီးမှူး(ဒုတိယတန်း) မန္တလေးခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အမှတ် ၄၅၊ ထထ-၁၂၊ စ-ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

၁၆။ ဦးကျော်ဝင်း အမှတ်(၁)သစ်စက်(အငြိမ်းစား) အမှတ်၆၊ ကံ့ကော်လမ်း၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

၁၇။ ဦးအေးလွင် ဆောက်လုပ်ရေးလုပ်သားမှူး(အငြိမ်းစား) ၁၀/၆၃၆၊ အောင်ဆန်းဘူတာရုံလမ်းသွယ်၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၁၈။ ဦးမောင်စိုး ကုန်သည် အမှတ် ၇၄ သံသရာစကျောင်းလမ်း၊ အမှတ် ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

၁၉။ ကိုယ်ပိုင်အမှတ်-၄၂၄၅၆၉ တပ်ကြပ်မြင့်လွင် အမှတ် ၁၂၁ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးတပ်ရင်း၊ ထ-ပ-ရ(၁၂၁)နန်းတွင်း၊ မန္တလေးမြို့ ကာကွယ်ရေး ဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်)

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၂)

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက သဘောတူညီချက်ရယူ ပေးလျက် ရှိနေပါသည်။ အဆိုပါ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အနာဂတ် နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည် ဖြစ်ပါသည်။ ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသားညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု ၁၀၀ ကျော် မှီတင်းနေထိုင်လျက်ရှိပြီး လူဦးရေ ၅၄ သန်းကျော် ရှိနေပြီဖြစ်သည်။ အနာဂတ်နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည့် နိုင်ငံတော်ဖြစ်ရာ အချုပ်အခြာအာဏာသည် တိုင်းရင်းသားပြည်သူတို့၌ တည်ရှိနေပါသည်။

သို့ရာတွင် တိုင်းရင်းသားပြည်သူ ၅၄ သန်းကျော်တို့သည် နိုင်ငံရေးရာအဖြာဖြာကို အားလုံးတစ်နေရာတည်းတွင် စုဝေးပြီး ဆုံးဖြတ်ခြင်းငှာ မပြုနိုင်ကြပေ။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတို့က ကာလအပိုင်းအခြားသတ်မှတ်၍ မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ကြသော ကိုယ်စားလှယ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံရေးရာအဖြာဖြာတို့ကို တာဝန်ယူ၍ စဉ်းစားဆုံးဖြတ် ဆောင်ရွက်ကြရပါမည်။ ဥပဒေများကို လိုအပ်သလို ရေးဆွဲပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းများကိုလည်း ပြုလုပ်ကြရပါလိမ့်မည်။

အနာဂတ်နိုင်ငံတော်တွင် ပြည်သူတို့က ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်တွင် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်တွင်လည်းကောင်း ပြည်သူတို့၏ကိုယ်စား တာဝန်ယူဆောင်ရွက်ကြရပါမည်။ အလားတူပင် တိုင်းဒေသကြီးလွှတ်တော်များ၊ ပြည်နယ်လွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များတွင်လည်း ပြည်သူတို့က ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များကပင် တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ယင်းသို့ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အဆင့်ဆင့်ကို ဖွဲ့စည်းသွားရာတွင် လူများစု၏ အခွင့်အရေးနှင့် လူနည်းစု၏ အခွင့်အရေးများ အံဝင်ခွင်ကျ သဟဇာတရှိစွာဖြစ်ထွန်းရေးအတွက် ရည်ရွယ်ပြီး အနာဂတ်နိုင်ငံတော်ကို ပုံဖော်ပေးနေသည်မှာ အထူးပင် စိတ်ဝင်စားစရာကောင်းလှပါသည်။ ယင်းသို့ ပုံဖော်ပေးနေသော အကြောင်းအရာ အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိလာသည်နှင့်အမျှ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ရင်ဝယ်ချမ်းမြ ဘဝင်ကျကြမည်မှာ သေချာလှပါသည်။

သို့ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများအရ လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်များကို မည်သို့မည်ပုံ ရွေးချယ်ဖွဲ့စည်းမည်ဆိုသည်များနှင့် ဥပဒေပြုရေးဆိုင်ရာ ဒီမိုကရေစီအနှစ်သာရတို့ကို ယခုဆောင်းပါးဖြင့် ပြန်လည်ဝေမျှ တင်ပြလိုက်ရပါသည်။

စိုးမြကျော် – ဘကြီး ကျန်းကျန်းမာမာပဲနော်။ အမျိုးသားညီလာခံမှာ ဥတုသပ္ပာယ မျှတပါရဲ့လား ခင်ဗျာ။

ဘကြီးစိုး – အစစအရာရာ အားလုံးအဆင်ပြေပါတယ်ကွယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေက လစ်ဟာချက် မရှိရလေအောင် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေကြပါတယ်။

ကြီးကြီးမြ – မင်းဘကြီးက ဟိုမှာ ရပ်ဆွေရပ်မျိုး တိုင်းရင်းသား မိတ်သင်္ဂဟတွေတိုးပြီး သူမရောက်ဖူးသေးတဲ့ မြန်မာပြည်အနှံ့ဒေသတွေက အထွေထွေဗဟုသုတတွေ မေးမြန်းလေ့လာ သိရှိနေရတာမို့ အရင်ကထက်တောင် ပိုပြီးလန်းဆန်းလာသလိုပဲ။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ အခုလို ပေါင်းဆုံစုဝေး ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်တာမို့ ဘကြီးတို့ ညီလာခံကိုယ်စားလှယ်တွေကို ကျွန်တော်တို့ အားကျမိပါရဲ့။

ဘကြီးစိုး – ဘကြီးတို့ ဒီနေ့တော့ ချမှတ်ပြီးတဲ့ အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေအရ ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းမှာ ဒီမိုကရေစီနည်းလမ်းတကျလည်းဖြစ်အောင်၊ တိုင်းရင်းသားလူမျိုး အသီးသီးရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေလည်း ရရှိအောင်၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကဏ္ဍရဲ့ သမိုင်းစဉ်မှာ တာဝန်ယူခဲ့ရတဲ့ တပ်မတော်ရဲ့ ထိန်းညှိပေးမှုလည်း ပါရှိအောင် ဘယ်လိုဖွဲ့စည်းဆောင်ရွက်သွားမလဲ၊ ဘယ်လို ဒီမိုကရေစီအနှစ်သာရတွေ ရှိနေသလဲဆိုတာတွေကို လေ့လာကြည့်ကြရအောင်။

စိုးမြကျော် – ဟုတ်ကဲ့ပါ ဘကြီး။ ပြည်သူ့လွှတ်တော် ဖွဲ့စည်းမှုကစပြီး ရှင်းပြပေးပါခင်ဗျား။

ဘကြီးစိုး – **ပြည်သူ့လွှတ်တော်ကတော့ လူဦးရေကိုအခြေခံပြီး ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်လို့ ဆိုရလိမ့်မယ်။ ပြည်သူ့လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ နဲ့ ဖွဲ့စည်းရမယ်လို့ အခြေခံမူ ချမှတ်ထားတယ်။**

စိုးမြကျော် – အဲဒီလွှတ်တော်ကိုယ်စားလှယ် ၄၄၀ ကို ဘယ်လိုအချိုးအစားများ ခွဲခြားထားပါသလဲ ဘကြီး။

ဘကြီးစိုး – **လူဦးရေကိုအခြေခံပြီး ရွေးကောက်တင်မြှောက်တဲ့ ၃၃၀ ထက်မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေရယ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်း တင်သွင်းတဲ့ ၁၁၀ ထက်မပိုသော တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေရယ် စုပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ် ၄၄၀ နဲ့ ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းသွားမှာဖြစ်တယ်။**

စိုးမြကျော် – **ဟုတ်ကဲ့ပါခင်ဗျာ။ အဲဒီလိုဆိုရင် စုစုပေါင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၄၀ ရဲ့ လေးပုံသုံးပုံဖြစ်တဲ့ ၃၃၀ က ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်တွေဖြစ်ပြီး လေးပုံ တစ်ပုံဖြစ်တဲ့ ၁၁၀ ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ ဖြစ်နေတယ်လို့ ဆိုရမှာပေါ့နော်။**

ကြီးကြီးမြ – **တစ်နည်းပြောရရင် ရွေးကောက်တင်မြှောက်ခံရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ၃၃၀ ရှိပြီး တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ၁၁၀ ပဲရှိတာမို့ တပ်မတော်သား ကိုယ်စားလှယ်က အရွေးချယ်ခံ ကိုယ်စားလှယ် စုစုပေါင်းရဲ့ သုံးချိုး–တစ်ချိုးလို့လဲ ဆိုနိုင်တယ်ကွယ့်။**

စိုးမြကျော် – ဟုတ်ကဲ့ပါခင်ဗျာ။ ပြည်သူ့လွှတ်တော်က လူဦးရေကို အခြေခံပြီး ရွေးကောက်တင်မြှောက်မှာဖြစ်ကြောင်း သိရပါပြီ။ အမျိုးသားလွှတ်တော်ကိုလည်း ဘယ်လိုအခြေခံနဲ့ ဘယ်လိုရွေးကောက်တင်မြှောက်မှာလဲဆိုတာ ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – **အမျိုးသားလွှတ်တော်ကိုတော့ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးက ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေကို စုပေါင်းပြီး ဖွဲ့စည်းသွားမှာဖြစ်တယ်။ အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ဦးနဲ့ ဖွဲ့စည်းသွားရမယ်လို့ သတ်မှတ်ထားတယ်။**

စိုးမြကျော် – ဟုတ်ကဲ့။ အသေးစိတ်ရှင်းပြပေးပါဦး ခင်ဗျား။

ဘကြီးစိုး – **နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်အရ အနာဂတ်နိုင်ငံတော်မှာ တိုင်းဒေသကြီး ခုနစ်ခုနဲ့ ပြည်နယ်ခုနစ်ခုရှိလာမယ် မဟုတ်လား။ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်တစ်ခုစီကနေ ကိုယ်စားလှယ် ၁၂ဦးကျစီ တူညီစွာ ရွေးကောက်တင်မြှောက်ရမှာမို့ အဲဒီကနေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ဦး ရရှိလာမှာဖြစ်တယ်။**

စိုးမြကျော် – ဟုတ်ကဲ့ပါခင်ဗျာ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက ၁၂ဦးကျစီ ရွေးကောက်တင်မြှောက်ရမယ်ဆိုတော့ အဲဒီအထဲမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဒါမှမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကော အကျုံးဝင်၊ မဝင် သိပါရစေ။

ဘကြီးစိုး – **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဒါမှမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေလဲ အဲဒီအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရာမှာ အကျုံးဝင်တယ်ကွယ့်။ ဥပမာပြောရရင် စစ်ကိုင်းတိုင်းဒေသကြီးက အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၂ဦး ရွေးကောက်တင်မြှောက်ရာမှာ အဲဒီ တိုင်းဒေသကြီးထဲမှာ ပါဝင်နေတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ကိုယ်စားလှယ် တစ်ဦးလဲ ရွေးကောက်တင်မြှောက်ခံရမှာ ဖြစ်တယ်။**

ကြီးကြီးမြ – **အမျိုးသားလွှတ်တော်မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်နိုင်သမျှ ပါဝင်အောင် ဆောင်ရွက်ထားတာပဲကွယ့်။ တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအသီးသီးက ရွေးကောက်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်တွေလဲ အမျိုးသားလွှတ်တော်မှာ ပါဝင်နေကြတာမို့ ၎င်းတို့ရဲ့ နယ်မြေဒေသဆိုင်ရာ ကိစ္စတွေကို အမျိုးသားလွှတ်တော်မှာ တိုက်ရိုက်ဆွေးနွေးခွင့် ရရှိလာကြမှာဖြစ်လို့ ဝမ်းသာစရာပဲကွယ်။**

စိုးမြကျော် – ဟုတ်ကဲ့ပါကြီးကြီး။ အမျိုးသားလွှတ်တော်ဖွဲ့စည်းရာမှာ လွှတ်တော်ကိုယ်စားလှယ် အများဆုံး ၂၂၄ ဦး သတ်မှတ်ထားတယ်လို့ ခုနက ဘကြီး ရှင်းပြသွားပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးက ရွေးကောက်တင်မြှောက်တဲ့ကိုယ်စားလှယ် ဦးရေက ၁၆၈ဦးပဲရှိမှာမို့ ကျန်တဲ့ ၅၆ ဦးကို ဘယ်လိုရွေးချယ်သွားမှာပါလဲ ခင်ဗျာ။

ဘကြီးစိုး – **အဲဒီ ၅၆ ဦးကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေပဲ ဖြစ်တယ်။ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးကျစီနဲ့ စုစုပေါင်း ၅၆ ဦးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်း တင်သွင်းပေးပို့သွားမှာ ဖြစ်တယ်။**

စိုးမြကျော် – **ဒါဆို အမျိုးသားလွှတ်တော်မှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ပါဝင်မှု အချိုးအစားကလည်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ လေးပုံတစ်ပုံဖြစ်ပြီး ရွေးကောက်တင် မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ သုံးပုံတစ်ပုံသာ ဖြစ်တယ်ဆိုတာ တွေ့ရပါတယ် ဘကြီး။ ဒါဟာ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်းဆောင်ခွင့်လဲရအောင်၊ ဒီမိုကရေစီရဲ့ အနှစ်သာရကိုလဲ မထိခိုက်အောင် ပုံဖော်ပေးထားတာပဲနော်။**

ဘကြီးစိုး – **သိပ်မှန်တာပေါ့ကွယ်။ အဲဒီ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်းပြီး ပြည်ထောင်စု ဥပဒေတွေပြုနိုင်ဖို့အတွက် ဖွဲ့စည်းသွားမယ့် ပြည်ထောင်စုလွှတ်တော်ကို ကြည့်ရင်လဲ လူဦးရေအရ ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က ၃၃၀၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်ထားတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ၁၆၈ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းက ၁၆၆ ဦးဆိုတာကို တွေ့ကြရမှာဖြစ်တယ်။**

ကြီးကြီးမြ – **အဲဒီ အချိုးအစားကိုကြည့်ရင် ဒို့မြန်မာနိုင်ငံမှာ အတိတ်သမိုင်းကလို ခါးသီးတဲ့ဖြစ်ရပ်တွေ ဘယ်အချိန် ဘယ်လိုကာလမှာမှ ထပ်မံမဖြစ်ပေါ်ရအောင် လွှတ်တော်ကိုယ်စားလှယ် အချိုးအစားကို ညီညွတ်မျှတစွာ ဖော်ဆောင်ပေးထားတယ်ဆိုတာ ပုံပေါ်လောက်ပါပြီကွယ်။**

စိုးမြကျော် – ဟုတ်ကဲ့ပါခင်ဗျာ။ အဲဒီလိုပုံဖော်တဲ့အခါ ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းရာမှာ လူဦးရေကို အခြေခံ၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းရမယ်လို့ သတ်မှတ်ထားတာ တွေ့ရပါတယ်။ အဲဒါ ဘာအကြောင်းကြောင့်များလဲ ဘကြီး။

ဘကြီးစိုး – **ဘကြီးတို့ မြန်မာနိုင်ငံမှာ လက်ရှိအားဖြင့် လူဦးရေသန်းပေါင်း ၅၄ သန်းကျော်ရှိနေတယ် မဟုတ်လား။ အဲဒီအထဲမှာ ဗမာတိုင်းရင်းသားက လူဦးရေအများဆုံး ဖြစ်နေတယ်လေ။ ဒါ့ကြောင့် လူဦးရေကို အခြေခံပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို အကန့်အသတ်မရှိ ရွေးချယ်မယ်ဆိုရင် ဗမာတိုင်းရင်းသားတွေက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အများစု ဖြစ်လာကြလိမ့်မယ်။ အဲဒီလို ဟန်ချက်မညီမဖြစ်ရအောင်လို့ ၃၃၀ ထက်မပိုရဆိုတဲ့ အခြေခံရမယ့်မူကို သတ်မှတ်ပေးထားတာပဲဖြစ်တယ်။**

ကြီးကြီးမြ – ဥပမာအားဖြင့် နိုင်ငံတော်မှာ လက်ရှိမြို့နယ်ပေါင်း (၃၂၅) မြို့နယ်ရှိတယ်မဟုတ်လား။ အချို့မြို့နယ်တွေမှာ လူဦးရေများပြားပြီး အချို့မြို့နယ်တွေမှာ လူဦးရေနည်းပါးတယ်။ ဒါပေမယ့် မြို့နယ်တိုင်းလိုလိုမှာ တိုင်းရင်းသားညီအစ်ကိုတွေ စုပေါင်းနေထိုင်ကြတာမို့ လူဦးရေကိုအခြေခံပြီး မဲဆန္ဒနယ်များကို သတ်မှတ်ရွေးကောက်တင်မြှောက်တာဟာ တစ်နည်းအားဖြင့် ပြည်သူ့လွှတ်တော်မှာ တိုင်းရင်းသားလူမျိုး အများအပြား ပါဝင်ခွင့်ရရှိအောင် ဖော်ဆောင်ပေးထားတာပဲ ဖြစ်တယ်။

စိုးမြကျော် – သဘောပေါက်ပါပြီခင်ဗျား။ အလားတူပဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရာမှာလည်း နယ်မြေအကျယ်အဝန်းနဲ့ လူဦးရေအနည်းအများအပေါ်ကို မူမတည်ဘဲ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးက လွှတ်တော်ကိုယ်စားလှယ် အညီအမျှ ၁၂ ဦးကျစီပဲ ရွေးကောက် တင်မြှောက်သွားရမယ်လို့ သိရပါတယ်။ ဒါကြောင့်မို့ နယ်မြေကျယ်ဝန်းပြီး လူဦးရေများတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေအတွက် နစ်နာတယ်လို့ မဆိုနိုင်ဘူးလား ခင်ဗျာ။

ဘကြီးစိုး – ရုတ်တရက်ကြည့်လိုက်ရင်တော့ အဲသလို ထင်စရာရှိပါတယ်။ ဒါပေမယ့် နယ်မြေကျယ်ပြီး လူဦးရေများတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေက နယ်မြေကျဉ်းပြီး လူဦးရေနည်းတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေထက် ပြည်သူ့လွှတ်တော်မှာ ကိုယ်စားလှယ်ဦးရေ ပိုမိုရရှိခဲ့ကြပြီးဖြစ်တယ်။ ဒါကြောင့် တစ်ဖက်စောင်းနင်း မဖြစ်ရအောင်၊ မျှမျှတတဖြစ်အောင် အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်ဦးရေသတ်မှတ်ရာမှာတော့ အခုလို တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးကို တစ်ပြေးညီ သတ်မှတ်ပေးထားတာပဲ ဖြစ်တယ်ကွယ့်။

စိုးမြကျော် – ရှင်းပါပြီ ဘကြီး။ အများပြည်သူတို့ရဲ့ အရေးကိစ္စကိုလည်း ဖော်ဆောင်ပေးနိုင်အောင်၊ တိုင်းရင်းသားလူမျိုး အသီးသီးရဲ့ အရေးကိစ္စကိုလည်း တန်းတူညီမျှ ဖော်ဆောင်နိုင်ရအောင် ပုံဖော်ပေးနေကြောင်း သိသာထင်ရှားနေပါပြီ။ ဒါ့အပြင် တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်တွေမှာလည်း လွှတ်တော်တွေ အသီးသီး ဖွဲ့စည်းဦးမယ်လို့ သိရပါတယ်။ အဲဒီဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး အကျယ်တဝင့် ရှင်းပြပေးစေလိုပါတယ်။

ဘကြီးစိုး – တိုင်းဒေသကြီးလွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်တွေမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်အတွင်းမှာရှိသမျှ မြို့နယ်တိုင်းက တစ်မြို့နယ် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်လိမ့်မယ်။

စိုးမြကျော် – ဗဟိုအဆင့်လွှတ်တော်တွေဖြစ်တဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကို ဖွဲ့စည်းရာမှာ လွှတ်တော်ကိုယ်စားလှယ်ဦးရေ

း(၂)

စိုးမြကျော်

ကန့်သတ်ထားပြီး တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်တွေအတွက်တော့ လွှတ်တော်ကိုယ်စားလှယ်ဦးရေကို ကန့်သတ်ထားတာ မတွေ့ရပါဘူး။ ဘာကြောင့်ပါလဲ ဘကြီး။

ဘကြီးစိုး – မှန်ပါတယ်ကွယ်။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာ တည်ရှိနေတဲ့ မြို့နယ် အရေအတွက်တွေက တစ်နေရာနဲ့တစ်နေရာ မတူညီကြတာမို့ လွှတ်တော်ကိုယ်စားလှယ်ဦးရေကို မည်ရွေ့မည်မျှဆိုပြီး တစ်ပြေးညီကန့်သတ်လိုက်ရင် ဒီမိုကရေစီနည်းလမ်းဘယ်ကျတော့မှာလဲကွယ်။

စိုးမြကျော် – သဘောပေါက်ပါပြီ ဘကြီး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်မှုနဲ့ စပ်လျဉ်းပြီး ဆက်ရှင်းပြ ပေးပါဦး။

ဘကြီးစိုး – **သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်မှာရှိတဲ့ မြို့နယ်အသီးသီးက တစ်မြို့နယ်ကို လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးကျ ပဏာမအားဖြင့် ရွေးကောက်တင်မြှောက်သွားရမှာဖြစ်တယ်ကွယ့်။**

စိုးမြကျော် – ဒါတင်ပဲလား ဘကြီး။

ဘကြီးစိုး – **မဟုတ်သေးဘူးကွယ့်။ မြို့နယ်အလိုက် ပေးထားတဲ့အခွင့်အရေးရှိသလိုပဲ တိုင်းရင်းသား လူနည်းစုတွေအတွက် ပေးထားတဲ့အခွင့်အရေးတွေလဲ ရှိနေသေးတယ်။ ဥပမာဆိုပါတော့ ရှမ်းပြည်နယ်မှာ ရှမ်းတိုင်းရင်းသားတွေအနေနဲ့ ပြည်နယ်ရရှိပြီးသား ဖြစ်တယ်။ ထို့အတူပဲ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ‘ဝ’ ဆိုတဲ့ တိုင်းရင်းသားတွေကလဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း ရပြီးသားဖြစ်တယ်။ ဒါကြောင့်မို့ အဲဒီလို အခွင့်အရေးမျိုး မရရှိကြသေးတဲ့ ကျန်တိုင်းရင်းသားလူမျိုးများအနေနဲ့ လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်တဲ့ နိုင်ငံတော်၏လက်ရှိ လူဦးရေစုစုပေါင်းရဲ့ (၀ ဒသမ ၁)ရာခိုင်နှုန်းနဲ့ အထက်ရှိမယ်ဆိုရင် ပြည်နယ်လွှတ်တော်အတွက် ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ခွင့် ပြုထားသေးတယ်။ ဥပမာ ဆိုပါစို့ကွယ်၊ ရှမ်းပြည်နယ်မှာရှိတဲ့ အခါတိုင်းရင်းသားတွေရဲ့ လူဦးရေဟာ နိုင်ငံတော်ရဲ့ လက်ရှိလူဦးရေစုစုပေါင်းရဲ့ (၀ ဒသမ ၁)ရာခိုင်နှုန်းနဲ့ အထက်မှာရှိမယ်ဆိုရင် ရှမ်းပြည်နယ်လွှတ်တော်အတွက် အခါတိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး ရွေးကောက်တင်မြှောက်ခွင့်ရရှိမှာ ဖြစ်တယ်။**

ကြီးကြီးမြ – **အင်မတန်ကောင်းမွန်တဲ့ ပုံဖော်ပေးမှုတွေပဲနော်၊ နိုင်ငံ့လူဦးရေရဲ့ (၀ ဒသမ ၁)ရာခိုင်နှုန်းနဲ့အထက်ရှိတဲ့ ကျန်တိုင်းရင်းသားလူနည်းစုတွေအတွက် မျက်နှာမငယ်ရအောင်၊ အရေးပါအရာရောက်အောင်၊ ပြောရေးဆိုခွင့်တွေ၊ လုပ်ပိုင်ခွင့်တွေရှိလာအောင် အမျိုးသားညီလာခံကိုယ်စားလှယ်တွေက မျှမျှတတ နှိုင်းနှိုင်းချိန်ချိန်နဲ့ ဖော်ဆောင်လမ်းခင်းပေးနေကြတာ သာဓုခေါ်စရာပါပဲ။**

စိုးမြကျော် – မှန်ပါတယ်ခင်ဗျား။ ခုနက ဘကြီးရှင်းပြတဲ့ တိုင်းရင်းသားလူနည်းစုထဲမှ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်တွေအပြင် နောက်ထပ် ဘယ်လိုကိုယ်စားလှယ်တွေ ပါဝင်ဦးမှာပါလဲ။

ဘကြီးစိုး – စောစောက ဘကြီးရှင်းပြတဲ့ တစ်မြို့နယ်စီက လွှတ်တော်ကိုယ်စားလှယ် (၂)ဦးကျစီရယ်၊ တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မရသေးတဲ့ တိုင်းရင်းသားလူနည်းစုတွေအနက်မှ နိုင်ငံ့လူဦးရေရဲ့ (၀ ဒသမ ၁) ရာခိုင်နှုန်းအထက်ရှိတဲ့ တိုင်းရင်းသားလူမျိုးစုအလိုက် ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ အဲဒီလွှတ်တော်ကိုယ်စားလှယ်နှစ်ရပ် ပေါင်းလိုက်တဲ့ စုစုပေါင်းဦးရေရဲ့ သုံးပုံတစ်ပုံရှိသော (တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်း တင်သွင်းတဲ့) တပ်မတော်သား ကိုယ်စားလှယ်တွေရယ် ပါဝင်သွားမှာဖြစ်တယ်။

စိုးမြကျော် – **ဒါဆို ဘယ်တိုင်းဒေသကြီးမှာပဲဖြစ်ဖြစ်၊ ဘယ်ပြည်နယ်မှာပဲဖြစ်ဖြစ် မှီတင်းနေထိုင်ကြတဲ့ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်မရရှိကြသေးတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဒါမှမဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ မရှိကြသေးတဲ့ ကျန်တိုင်းရင်းသားလူမျိုးစုအသီးသီးဟာ လက်ရှိနိုင်ငံ့လူဦးရေရဲ့ (၀ ဒသမ ၁) ရာခိုင်နှုန်းနဲ့အထက် လူဦးရေသာရှိမယ်ဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်အသီးသီးရဲ့ ဥပဒေပြုရေးမှာ ပါဝင်ဆောင်ရွက်နိုင်ကြမှာပေါ့နော်။**

ဘကြီးစိုး – မှန်တယ်ကွယ့်။ အဲဒီလို အခြေခံရမယ့်မူတွေ ချမှတ်ခဲ့တာကလဲ ဒို့ပြည်သူအားလုံး ဦးတည်မျှော်မှန်းထားတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုကျစ်လျစ်ခိုင်မာစေရေးအတွက်ပဲ ဖြစ်တယ်လေ။

စိုးမြကျော် – သီးခြားအခွင့်အရေးမရသော တိုင်းရင်းသား လူနည်းစုများကို တိုင်းဒေသကြီး လွှတ်တော်/ ပြည်နယ်လွှတ်တော်တွေမှာ ကိုယ်စားလှယ်အဖြစ် အခုလို ပါဝင်ခွင့်ပေးထားတာဟာ အလွန်ဝမ်းမြောက်စရာပါပဲ။ အဲဒီ တိုင်းရင်းသား လူနည်းစုများရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွေမှာ ဥပဒေပြုနိုင်တဲ့ အခွင့်အရေးပဲရမှာလား၊ အခြားအခွင့်အရေးတွေအနေနဲ့ ဘာတွေများ ပေးထားပါသေးလဲ သိပါရစေ။

ဘကြီးစိုး – အဲဒီ ဥပဒေပြုနိုင်တဲ့အခွင့်အရေးတင် ဘယ်ကမလဲကွယ်။ အဲဒီပုဂ္ဂိုလ်ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီး ဖြစ်လာလိမ့်မယ်။ နိုင်ငံတော် သမ္မတက အဲဒီပုဂ္ဂိုလ်ကို သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုရဲ့ အရေးအရာတွေကို ဆောင်ရွက်ဖို့ ဝန်ကြီးအဖြစ် တာဝန်ပေးအပ်သွားမှာဖြစ်တယ်။

ကြီးကြီးမြ – **ကျုပ်တို့ကတော့ လူနည်းစုမို့ တိုင်းဒေသကြီးမရလို့၊ ပြည်နယ်မရလို့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသတွေမရလို့ ဟိုအရင်ကအတိုင်းပါပဲလို့ အားငယ်နေတဲ့ တိုင်းရင်းသားတွေ လက်ခမောင်းထခတ်ပေရော့လို့ ကြီးကြီးက ပြောလိုက်ချင်ပါတယ်။**

စိုးမြကျော် – ဒီလောက် ဒီမိုကရေစီနည်းလမ်းတကျနဲ့ အနှစ်သာရပြည့်ဝအောင် ဖော်ဆောင်ပေးနေတဲ့ကြားထဲက ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေက ကဖျက်ယဖျက်စိတ်ထားနဲ့ မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်ပြောကြားနေတာကတော့ အင်မတန်ဆိုးရွားလှပါတယ် ခင်ဗျာ။

ဘကြီးစိုး – ပြည်တွင်း၊ ပြည်ပ အဖျက်သမားတွေကတော့ ကဖျက်ယဖျက်လုပ်ရမှ အိပ်ပျော်စားဝင်ကြတာမို့ ဟုတ်ဟုတ် မဟုတ်ဟုတ် သူတို့ရဲ့အလုပ်ကို သူတို့ဆက်ပြီး လုပ်နေကြဦးမှာပဲကွယ့်။ ဒို့နိုင်ငံတော်နဲ့ ဒို့ပြည်သူတွေဟာ မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက် ပုံပြင်ထဲကလို အမျိုးမျိုးဝေဖန် ပုတ်ခတ်မှုတွေနဲ့ ကြုံနေရပါလား၊ ဒို့နိုင်ငံနဲ့ ဒို့ပြည်သူတွေအတွက် အကောင်းဆုံးနဲ့ အကျိုးအရှိဆုံးကိုသာ ဒို့ကြိုးပမ်းလုပ်ဆောင်သွားရမှာပါလားဆိုတဲ့ စိတ်ထားနဲ့ ကြံ့ကြံ့ခံနိုင်ဖို့က အဓိကပါပဲ။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနဲ့ စပ်လျဉ်းပြီး ဒါထက်များ အသေးစိတ်ဖော်ဆောင်ထားတဲ့ အချက်အလက်တွေရှိသေးရင် ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – ထဲထဲဝင်ဝင် လေ့လာလေ အနှစ်သာရရှိမှန်း သိလာလေဆိုသလိုပဲ မောင်ကျော်ရေ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွေရဲ့ ဖွဲ့စည်းမှုကို ဆက်လေ့လာရင် ဒီမိုကရေစီရဲ့ အနှစ်သာရ ဘယ်လောက်ပေါ်လွင်လှပနေတယ်ဆိုတာ တွေ့ရဦးမှာ သေချာတယ်။

စိုးမြကျော် – သိပါရစေ ဘကြီး။

ဘကြီးစိုး – ဘကြီး အရင်ရှင်းပြခဲ့တာတွေထဲမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွေဟာ ဥပဒေပြုခွင့်အာဏာကိုရော၊ အုပ်ချုပ်ရေးအာဏာကိုပါ တစ်ပါတည်း စွဲကိုင်ကျင့်သုံးနိုင်တယ်လို့ ပြောခဲ့တယ်နော်။

စိုးမြကျော် – **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရယ်လို့ ခေါ်ဝေါ်ပေမယ့် ၎င်းတို့ကို ဒေသဆိုင်ရာလွှတ်တော်တွေလိုပဲ ဥပဒေပြုခွင့်အာဏာကိုပါ ခွဲဝေအပ်နှင်းပေးထားတယ်မဟုတ်လား ဘကြီး။**

ဘကြီးစိုး – **အေး။ အဲဒီ ဦးစီးအဖွဲ့တွေကို ဖွဲ့စည်းရာမှာ “အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀ ဦး ပါဝင် စေရမည်”လို့ အခြေခံမူချမှတ်ထားတယ်ကွယ့်။**

စိုးမြကျော် – **ဒါဆို အဖွဲ့ဝင်ဦးရေ ၁၀ ဦးထက်များချင်ရင် များသင့်သလောက်များလို့ရတယ်ဆိုတဲ့ သဘောပေါ့နော် ဘကြီး။ အဲဒါက ဘယ်လိုရည်ရွယ်ချက်နဲ့ သတ်မှတ်ပေးထားတာပါလဲ ခင်ဗျား။**

ဘကြီးစိုး – ဘကြီး ရှင်းပြရင်းနဲ့ ဆက်စပ်ပြောပြသွားမှာပါ။ ခုနက တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်လွှတ်တော်အတွက် ကိုယ်စားလှယ်ရွေးချယ်ရာမှာ သက်ဆိုင်ရာ နယ်မြေအတွင်းမှာရှိတဲ့ မြို့နယ်တိုင်းက တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရမယ်လို့ ဆိုထားတယ်မဟုတ်လား။

စိုးမြကျော် – ဟုတ်ကဲ့ပါ ဘကြီး။ အဲဒါက တိုင်းဒေသကြီး လွှတ်တော် ဒါမှမဟုတ် ပြည်နယ်လွှတ်တော်အတွက်ပဲ မဟုတ်ဘူးလား။

ဘကြီးစိုး – **မှန်ပါတယ်။ ဒါပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွေကို သီးခြားမရွေးကောက်တော့ဘူး။ တိုင်းဒေသကြီး လွှတ်တော်/ပြည်နယ်လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်လိုက်တဲ့ တစ်မြို့နယ် (၂)ဦးကျ လွှတ်တော်ကိုယ်စားလှယ်တွေကပဲ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများရဲ့ ဦးစီးအဖွဲ့ဝင်တွေ ဖြစ်လာကြမှာ ဖြစ်တယ်။**

စိုးမြကျော် – သိပ်မရှင်းသေးဘူး ဘကြီး။ ပိုရှင်းအောင် ပြောပြပေးပါဦး။

ဘကြီးစိုး – **ဥပမာပြောရရင် ရှမ်းပြည်နယ်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပါဝင်တဲ့ ရွာငံမြို့နယ်နဲ့ ပင်းတယမြို့နယ် နှစ်မြို့နယ်ကနေ ရှမ်းပြည်နယ် လွှတ်တော်အတွက် တစ်မြို့နယ်လျှင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂) ဦးကျစီနဲ့ စုစုပေါင်း (၄) ဦး ရွေးကောက်တင်မြှောက်ရမယ် မဟုတ်လား။**

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။

ဘကြီးစိုး – **အဲဒီ ရွာငံမြို့နယ်နဲ့ ပင်းတယမြို့နယ်ကနေ ရှမ်းပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ (၄)ဦးဟာ ရွာငံမြို့နယ်နဲ့ ပင်းတယမြို့နယ်ကို စုပြီး ဖွဲ့စည်းထားတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ ဦးစီးအဖွဲ့ဝင်တွေအဖြစ် အလိုအလျောက် ဖြစ်လာလိမ့်မယ်။**

စိုးမြကျော် – ဒါဆို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်တွေဟာ မိမိတို့ နယ်မြေဒေသနဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့အကျိုးကို တိုက်ရိုက်သယ်ပိုးနိုင်သလို တိုင်းဒေသကြီး လွှတ်တော်/ပြည်နယ်လွှတ်တော်မှာလဲ တက်ရောက်ပြီး ဆောင်ကြဉ်းပေးနိုင်တဲ့ အနေအထားပဲနော် ဘကြီး။

ဘကြီးစိုး – **ဟုတ်တယ်ကွယ့်၊ ဦးစီးအဖွဲ့ဝင်ရွေးချယ်မှုကို ဆက်ရှင်းပြရရင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဝင်အဖြစ် (၄) ဦးပဲ ရရှိသေးတယ်မဟုတ်လား။ အသေးစိတ်အခြေခံရမယ့်မူအရ အဲဒီ ဦးစီးအဖွဲ့ကို အဖွဲ့ဝင် (၁၀)ဦးထက်မနည်း ဖွဲ့စည်းရမယ်လို့ ဆိုထားတယ်လေ။ ဒါကြောင့်မို့ အဲဒီ (၁၀)ဦးရဲ့ လေးပုံတစ်ပုံ အချိုးအစားဖြစ်တဲ့ တပ်မတော်သားဦးစီးအဖွဲ့ဝင် (၃)ဦးကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်အဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းပြီး ရွေးချယ်ပေးရမှာ ဖြစ်တယ်။**

စိုးမြကျော် – ကောင်းပါပြီ ဘကြီး၊ ဒါဆို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ရွေးကောက် တင်မြှောက်ခံရတဲ့ ဦးစီးအဖွဲ့ဝင် (၄) ဦးနဲ့ တပ်မတော်က ရွေးချယ်ပေးတဲ့ဦးစီးအဖွဲ့ဝင် (၃)ဦးဖြစ်တာမို့ စုစုပေါင်း ဦးစီးအဖွဲ့ဝင် (၇)ဦးပဲ ရရှိသေးတာပေါ့နော်။

ဘကြီးစိုး – **မှန်ပါတယ်၊ အဲဒီဦးစီးအဖွဲ့ဝင် (၇)ဦးဟာ ၎င်းတို့ရဲ့ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရဲ့ဥက္ကဋ္ဌကို ရွေးချယ်ပေးရလိမ့် ဦးမယ်။ အဲဒီလိုရွေးချယ်ရာမှာ ဥက္ကဋ္ဌအဖြစ် တပ်မတော်သား ကိုယ်စားလှယ်(၃)ဦးအနေနဲ့ အရွေးချယ်ခံခွင့်မရှိဘဲ မြို့နယ်တွေက ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၄)ဦးထဲကပဲ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပေးရမှာဖြစ်တယ်။**

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး၊ အဲဒီလို ရွေးချယ်ပေးလိုက်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့ရဲ့ ဥက္ကဋ္ဌဟာ ဘယ်လိုအဆင့်အတန်းနဲ့ ဘယ်လိုအခွင့်အလမ်းတွေ ရရှိနိုင်ပါသလဲ ခင်ဗျာ။

ဘကြီးစိုး – **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရဲ့ဥက္ကဋ္ဌဟာ တိုင်းဒေသကြီး လွှတ်တော်/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သလို တိုင်းဒေသကြီး အစိုးရ/ပြည်နယ်အစိုးရအဖွဲ့ရဲ့ အဖွဲ့ဝင် ဝန်ကြီးလည်း ဖြစ်လာလိမ့်မယ်ကွယ့်။**

စိုးမြကျော် – ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေရဲ့ အရေးကိစ္စကို တိုင်းဒေသကြီး အစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးအနေနဲ့ရော၊ တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အဖြစ်နဲ့ပါ ဆောင်ရွက်ခွင့်ရတာမို့ အလျားလိုက်ရော ဒေါင်လိုက်ပါ အခွင့်အရေးများ ကျယ်ကျယ်ပြန့်ပြန့် မြင့်မြင့်မားမားရရှိအောင် ဖော်ဆောင်ပေးထားတယ်ဆိုတာ ပေါ်လွင်လှပါတယ်ခင်ဗျာ။

ဘကြီးစိုး – **ဒါတင်ဘယ်ကဦးမလဲ မောင်ကျော်ရယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရဲ့ အဖွဲ့ဝင်ဦးရေကို အနည်းဆုံး ၁၀ဦးနဲ့ ဖွဲ့စည်းရမယ်လို့ အသေးစိတ်အခြေခံရမယ့်မူက ဆိုထားတယ်မဟုတ်လား။ ဒါကြောင့်မို့ ဥပမာအဖြစ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဦးစီးအဖွဲ့**

> သိပ်မှန်တာပေါ့ကွယ်။ အဲဒီ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်းပြီး ပြည်ထောင်စုဥပဒေတွေ ပြုနိုင်ဖို့အတွက် ဖွဲ့စည်းသွားမယ့် ပြည်ထောင်စုလွှတ်တော်ကို ကြည့်ရင်လဲ လူဦးရေအရ ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ၃၃၀၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်ထားတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ၁၆၈ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းက ၁၆၆ ဦးဆိုတာကို တွေ့ကြရမှာဖြစ်တယ်။

ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင် (၇)ဦးပဲ ရရှိသေးတယ်ဆိုရင် အဲဒီဥက္ကဋ္ဌနဲ့အဖွဲ့ဝင်တွေဟာ ၎င်းတို့ရဲ့ဒေသအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေထဲက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရပြီးဖြစ်တဲ့ ဓနုတိုင်းရင်းသားတွေမှအပ ကျန်တိုင်းရင်းသားလူမျိုးတွေအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်တဲ့ လူဦးရေအနည်းဆုံး ၁၀၀၀၀နဲ့အထက်ရှိတဲ့ တိုင်းရင်းသားလူမျိုးတွေထဲက ကိုယ်စားလှယ်တစ်ဦးကျစီကို ဦးစီးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်ထားသွားရမှာ ဖြစ်တယ်။

စိုးမြကျော် – ဟုတ်ကဲ့ပါ ဘကြီး။ အဲဒီမူနဲ့အညီ ရွေးလိုက်တဲ့အခါမှာ ဦးစီးအဖွဲ့ဝင်ကလည်း (၁၀)ဦး ပြည့်သွားပြီ၊ လူဦးရေ ၁၀၀၀၀ ကျော်ပြီး မူနဲ့ကိုက်ညီတဲ့ တိုင်းရင်းသားလူမျိုးစုကလည်း ကျန်နေသေးတယ်ဆိုရင်ကော ဘယ်လိုလုပ်မလဲခင်ဗျာ။

ဘကြီးစိုး – **ဒီအတွက်မပူပါနဲ့ မောင်ကျော်ရယ်။ ဦးစီးအဖွဲ့ဝင်ဦးရေကို အနည်းဆုံး (၁၀)ဦးနဲ့ ဖွဲ့စည်းရမယ်လို့ သတ်မှတ်ထားတာမို့ လိုအပ်ရင် အဖွဲ့ဝင်ဦးရေ တိုးမြှင့်ဖွဲ့စည်းနိုင်တဲ့အတွက် လူဦးရေ၁၀၀၀၀ ကျော်ပြီး မူနဲ့ညီတဲ့ တိုင်းရင်းသားလူမျိုးစုအားလုံးရဲ့ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်နိုင်မှာဖြစ်တယ်ကွယ့်။**

စိုးမြကျော် – **တိုင်းရင်းသား လူနည်းစုတွေအတွက် အင်မတန်ကောင်းမွန်တဲ့ အခွင့်အရေးတွေပါပဲ ဘကြီး၊ ဒါပေမယ့် တကယ်လို့များ ဦးစီးအဖွဲ့ဝင်ကလည်း (၁၀)ဦး မပြည့်သေးဘူး၊ လူဦးရေ ၁၀၀၀၀ကျော်ပြီး မူနဲ့ညီတဲ့ တိုင်းရင်းသားလူမျိုးစုကလည်း မရှိတော့ဘူးဆိုရင်ကော ဘယ်လိုလုပ်မလဲဘကြီး။**

ဘကြီးစိုး – **မောင်ကျော်မေးသလို ဦးစီးအဖွဲ့ဝင်ကလည်း (၁၀)ဦး မပြည့်သေးဘူး။ လူဦးရေ ၁၀၀၀၀ ကျော်ပြီး မူနဲ့ညီတဲ့ တိုင်းရင်းသားလူမျိုးစုကလည်း မရှိတော့ဘူးဆိုရင် အဲဒီသက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအတွင်း နေထိုင်သူတိုင်းရင်းသားများအထဲမှ သင့်လျော်တဲ့ပုဂ္ဂိုလ်တွေကို ဦးစီးအဖွဲ့ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေက ဆက်လက်ရွေးချယ်ခန့်ထားပေးရမှာ ဖြစ်တယ်ကွယ့်။**

ကြီးကြီးမြ – **ဒီနေရာမှာ ဗဟိုအဆင့်လွှတ်တော်တွေမှာ ကိုယ်စားလှယ်အရေအတွက်ကို လူဦးရေများတဲ့ တိုင်းရင်းသားလူမျိုးစုနဲ့ လူဦးရေနည်းတဲ့ တိုင်းရင်းသားလူမျိုးစုများအကြားမှာ ကိုယ်စားလှယ်ဦးရေ ဟန်ချက်ညီမျှအောင် အရေအတွက်ဘယ်လောက်ထက်မများရဘူးလို့ သတ်မှတ်ထားပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့တွေမှာတော့ မိမိတို့တိုင်းရင်းသားလူမျိုး အသီးသီးရဲ့ အရေးကိစ္စကို အောက်ခြေမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဖိဖိစီးစီးဆောင်ရွက်နိုင်ဖို့အတွက် ဦးစီးအဖွဲ့ဝင်ဦးရေကို ကန့်သတ် မထားဘဲ လိုအပ်ရင် လိုအပ်သလို ရွေးချယ်ခန့်ထားခွင့် ပေးထားတာတွေ့ရတယ်။ ဒါဟာ တရားနည်းလမ်းတကျနဲ့ မျှမျှတတဖြစ်အောင်၊ ဒီမိုကရေစီအနှစ်သာရပြည့်ဝအောင် ဖော်ဆောင်ပေးမှုတွေပဲမဟုတ်လား။**

စိုးမြကျော် – ဟုတ်ပါတယ်ခင်ဗျာ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာမယ့် အနာဂတ်နိုင်ငံတော်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ရော တိုင်းရင်းသားလူမျိုးစု အသီးသီးအနေနဲ့ပါ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဦးစီးအဖွဲ့ဝင်တွေအဖြစ် သတ်မှတ်ထားတဲ့ အရည်အချင်းတွေနဲ့အညီ အရွေးချယ်ခံပိုင်ခွင့်ရှိသလို ရွေးကောက်တင်မြှောက်နိုင်ခွင့်တွေကိုလဲ စည်းကမ်းတကျ၊ နည်းလမ်းမျှမျှတတနဲ့ ဖော်ဆောင်ပေးထားတာကို ကွက်ကွက်ကွင်းကွင်းနဲ့ ရှင်းရှင်းလင်းလင်း မြင်တွေ့နေရပါပြီ။

ဘကြီးစိုး – **ဖြစ်ပေါ်လာမယ့် ဒို့မြန်မာနိုင်ငံရဲ့ အနာဂတ်နိုင်ငံတော်ဟာ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးကို ရှေးရှုထားသလို နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးကိုပါ ဦးတည်ထားတာဖြစ်လို့ တရားမမျှတဘူး၊ မလွတ်လပ်ဘူး၊ မညီမျှဘူးဆိုတဲ့ မဟုတ်မမှန်လုပ်ကြံစွပ်စွဲချက်တွေ၊ မှန်းသန်းရမ်းဆ ထုတ်လွှင့်ဖော်ပြမှုတွေဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာတာနဲ့အမျှ နေလာနှင်းပျောက်ဆိုသလို ပျောက်ကွယ် ပျက်ပြယ်သွားမှာ အမှန်ပါပဲကွယ်။**

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။**“တရားမျှတ–လွတ်လပ်ခြင်းနဲ့မသွေ ဒို့ပြည်ဒို့မြေ”** လို့ ညွှန်းဆိုထားတဲ့အတိုင်း အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှုအသွင်သဏ္ဌာန်ကိုရော အနှစ်သာရကိုပါ အခုစကားဝိုင်းမှတစ်ဆင့် အဓိပ္ပာယ်ပြည့်ပြည့်ဝဝ အားပါးတရသိရှိကြမှာဖြစ်တာမို့ တိုင်းရင်းသားပြည်သူတွေလည်း ကျွန်တော်တို့နဲ့ ထပ်တူထပ်မျှ ဝမ်းသာအားရကျေနပ်ကြမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်ခင်ဗျား။ ။

● *ကျောဖုံးမှ*

စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ၊ ပန်းချီပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆုရကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ၊ ပန်းချီပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီအတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

(သတင်းစဉ်)

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားသည်။

[ဗဟိုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အမှာစကားကို သီးခြားဖော်ပြထားပါသည်။]

ယင်းနောက် ၂၀၀၆ ခုနှစ် (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ၊ ပန်းချီပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပြိုင်ပွဲကျင်းပခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ထို့နောက် ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျင်းပခဲ့သည့် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ရာ ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း သတ္တမတန်းမှ မောင်ကျော်ခိုင်ထက်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ မထက်ထက်လင်းနှင့် တတိယဆုရ ညောင်လေးပင်မြို့ အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်းမှ မဆွေဇာမော်တို့အား လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပုသိမ်မြို့ အမှတ်(၆)အခြေခံ ပညာအထက်တန်းကျောင်း သတ္တမတန်းမှ မဟန်နီစိုး၊ ဒုတိယဆုရ ပဲခူးမြို့ အမှတ်(၃)အခြေခံ ပညာအထက်တန်းကျောင်း သတ္တမတန်းမှမဇင်သွယ်သွယ်အေးနှင့် တတိယဆုရ ကျောက်တန်းမြို့မအခြေခံပညာအလယ်တန်းကျောင်း ပဥ္စမတန်းမှ မောင်ပြည်စိုးပိုင်တို့အား လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပထမဆုရ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း သတ္တမတန်းမှ မောင်ကျော်ထက်နောင်၊ ဒုတိယဆုရ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်ဖြိုးဟိန်းသွင်နှင့် တတိယဆုရ စစ်တွေမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ မခင်ဦးမွန် တို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မအိမွန်သဲ၊ ဒုတိယဆုရ သုံးဆယ်မြို့ အခြေခံပညာ အထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်နေလင်းအောင်နှင့် တတိယဆုရ တောင်ကြီးမြို့ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း အဋ္ဌမတန်းမှ မကေသီကျော်ဝင်း တို့အား လည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မစုစန္ဒီသွေး၊ ဒုတိယဆုရ တောင်ကြီးမြို့ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း အဋ္ဌမတန်းမှ မခိုင်ခိုင်ဝေနှင့် တတိယဆုရ ပြည်မြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ပိုင်ထက်ဦး တို့အားလည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပထမဆုရ ပဲခူးမြို့ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မောင်ဇေတိက မောင်မောင်မြင့်၊ ဒုတိယဆုရ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မအေးဖြူငြိမ်းနှင့် တတိယဆုရ စစ်တွေမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ကောင်းမြတ်ထူး တို့အား လည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့် ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် ပထမဆုရ မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မမေမြတ်ရတနာဝင်း၊ ဒုတိယဆုရ မကွေးမြို့ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ရဲမင်းထက်နှင့် တတိယဆုရ စစ်တွေမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မချယ်ရီထွန်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရရှိသော မန္တလေးပညာရေးကောလိပ် ဒုတိယနှစ် (သိပ္ပံ)မှ မမွန်မွန်အေးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲ၌ ပထမဆုရရှိသော ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မစုစန္ဒီသွေးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

စာစီစာကုံးပြိုင်ပွဲ

ထို့နောက် တက္ကသိုလ်၊ကောလိပ်၊ သိပ္ပံအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးပညာရေးကောလိပ် ဒုတိယနှစ်(သိပ္ပံ)မှ မမွန်မွန်အေး၊ ဒုတိယဆုရ ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယနှစ်(သိပ္ပံ)မှ မနှင်းဥရည်နှင့် တတိယဆုရ မန္တလေးဆေးတက္ကသိုလ် ဒုတိယနှစ်(အမ်ဘီဘီအက်စ်)မှ မနီလာအောင်တို့အားလည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရ ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စတုတ္ထနှစ် ဘီအီးမှ ဗိုလ်လောင်းနိုင်ထွန်းအောင်၊ ဒုတိယဆုရ ရန်ကုန်ဆေးတက္ကသိုလ်(၂) နောက်ဆုံးနှစ် (အမ်ဘီဘီအက်စ်) အပိုင်း(က)မှ မောင်သီဟထွန်းနှင့် တတိယဆုရ ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(ခ) ဆေးသိပ္ပံမှ ဗိုလ်လောင်းချမ်းငြိမ်းသူတို့အား လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ဒုတိယနှစ်သိပ္ပံမှ မောင်ကီးအောင်ထန်း၊ ဒုတိယဆုရ ပဲခူးဒီဂရီကောလိပ် တတိယနှစ်(သမိုင်း)မှ မောင်ထွန်းထွန်းဝင်းနှင့် တတိယဆုရ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ဂုဏ်ထူးတန်း ကွန်ပျူတာသိပ္ပံမှ မောင်စောကျော်ထင်မျိုးတို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် ဆုရကျောင်းသားကျောင်းသူများကိုယ်စား အခြေခံပညာ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲ ပထမဆုရ ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်း ကျောင်းသူ မဟန်နီစိုးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားရာတွင် ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီကကြီးမှူးပြီး တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာ အထက်တန်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး ဆုများချီးမြှင့်ပေးသည့်အတွက် အထူးပင်ဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်း။

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသူ မဟန်နီစိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့လွတ်လပ်ရေးနေ့သည် မြန်မာနိုင်ငံသမိုင်းတွင် အလွန်ထူးခြားသည့် နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း၊ မိမိတို့၏ မြန်မာနိုင်ငံတော်ကြီးသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် ကိုယ့်အချုပ်အခြာအာဏာကို ကိုယ်ပိုင်ဆိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်ခဲ့ရာက ၁၉ရာစုကုန်ခါနီးတွင် နိုင်ငံတော်ကြီး၏ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါကြောင်း။

သမိုင်းပေးတာဝန်တစ်ရပ်

မိမိတို့၏ အဘိုးအဘွားများဖြစ်သည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ပြန်လည်ရရှိအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ခဲ့ကြသည့်အတွက် ဆုံးရှုံးခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြန်လည်ရရှိခဲ့ကြောင်း၊ ယင်းသို့ ပြန်လည်ရရှိခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် တာဝန်မှာ မိမိတို့ ကျောင်းသား ကျောင်းသူလူငယ်များအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ လေးပြုပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဖတ်ကြားစဉ်။
(မြန်မာ့အလင်း)

✳ ကျောဖုံးမှ

အမျိုးသားရေးဦးတည်ချက်လေးရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ ရင်ပြင်၌ ကျင်းပရာ ပြည်သူလူထု စုစုပေါင်းအင်အား တစ်သောင်းကျော် တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော ရန်ကုန်တိုင်း အတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အလုပ်သမားများနှင့် တောင်သူလယ်သမားများပါဝင်သော ရန်ကုန်အရှေ့ပိုင်းခရိုင်မှ အင်အား ၃၀၀၀ကျော်၊ ရန်ကုန် အနောက်ပိုင်းခရိုင်မှ အင်အား၅၀၀၀ ကျော်၊ ရန်ကုန်တောင်ပိုင်းခရိုင်မှ အင်အား ၅၀၀ ကျော်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်မှ အင်အား ၁၀၀၀ ကျော် စုစုပေါင်းအင်အား ၉၅၀၀ ကျော် ပြည်သူလူထုကြီးသည် နံနက် ၅ နာရီခွဲတွင် ပြည်သူ့ရင်ပြင်၌ ဝင်ရောက်နေရာယူကြသည်။

ထို့အတူ အခမ်းအနားကျင်းပရာ ပြည်သူ့ရင်ပြင်အတွင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများမှ ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးများ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဗဟိုအကြီးအကဲများ၊ ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဌာနမှူးများ၊ ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ တိုင်း၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့ ၁၆ ဖွဲ့မှ ကိုယ်စားလှယ်များ၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ စုစုပေါင်း အင်အား ၇၅၀ ကျော်ကလည်း နေရာယူထားကြသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပပြီး နံနက် ၇ နာရီတွင် (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊လေ)ဂုဏ်ပြုတပ်ဖွဲ့က ပြည်သူ့လွှတ်တော်ရုံးအတွင်းမှ ပြည်သူ့ရင်ပြင်သို့ ချီတက်၍ သတ်မှတ်ထားသည့် နေရာ၌ နေရာယူကြသည်။

စင်မြင့်ပေါ်၌နေရာယူ

ဆက်လက်၍ ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရောက်ရှိလာကာ စင်မြင့်ပေါ်၌နေရာယူသည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြု၍ သစ္စာလေးချက်ရွတ်ဆိုပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်သူ့ရင်ပြင်အတွင်းမှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃-၁-၂၀၀၆ မှ ၁၁-၁-၂၀၀၆

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။)

စာမျက်နှာ ၁၀ မှ

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်က ကြီးမှူးပြီး ကျင်းပပေးခဲ့သော အမျိုးသားရေးအနှစ်သာရပြည့်ဝသည့် စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် မိမိတို့ ကျောင်းသားကျောင်းသူများသည် ပဉ္စမတန်းကစ၍ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအထိ နိုင်ငံတစ်ဝန်းလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

ယနေ့၂၁ ရာစုကာလတွင်မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ ဤအချိန်ကာလမျိုးတွင် ကြုံတွေ့လာရမည့် ပြဿနာများ၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ပညာရေးအရ စိန်ခေါ်မှုများကို မိမိတို့၏ တိုင်းချစ်ပြည်ချစ် အမျိုးချစ်သည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်စသည့် ကိုယ်ခံအင်အားများနှင့် ကြံ့ကြံ့ခံပြီး အောင်အောင်မြင်မြင် ဖြေရှင်းနိုင်ရန် ပြင်ဆင်ထားရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုအချိန်တွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသော ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အုံ့ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့ ကျောင်းသား ကျောင်းသူများအနေဖြင့် တက်တက်ကြွကြွ ပါဝင်ပြီး ပညာပြည့်ဝ စိတ်ဓာတ်လှသူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါမည်ဟု ဤနေရာက ပြောကြားလိုပါကြောင်း။

တက်ကြွကျေပွန်စွာ

နိဂုံးချုပ်အားဖြင့် မိမိတို့ ကျောင်းသားကျောင်းသူများသည် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များကို အလေးအနက်ခံယူပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် ကျရာတာဝန်ကို တက်ကြွကျေပွန်စွာ ထာဝစဉ်သယ်ပိုး ထမ်းဆောင်သွားပါမည်ဟု လေးစားစွာ ဂါရဝပြု ကတိပေးအပ်ပါကြောင်း ဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆုရကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

သံအမတ် ဦးအောင်ခင်စိုး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇန်နဝါရီ ၅

နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ကတ္တမန္ဒူမြို့၌ နီပေါနိုင်ငံ ဘုရင်မင်းမြတ် ဂျန်နင်ဒရာ၊ ဘီ၊ ဘီခရမ်၊ ရှားဒေ့ဗ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၀၆

(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ပုဂံယဉ်ကျေးမှုနယ်မြေမှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာ ခင်မောင်ညို)
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၅	ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ ဂီတသဘင်စင်တင်တင်ဆက်မှု (အရဏ်ဦးတီးကွက်)
၈း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်း ဟောပြောချက်
၈း၃၀	ဝါသနာရှင်စင်မြင့်
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ကမ္ဘာ့အကြီးဆုံးကျွန်းပင်
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	မြန်မာ့ခြင်းလုံး
၉း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀	ကာယဗလလေ့ကျင့်နည်းစနစ်
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀	ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	သီးနှံဖျက်ပိုးများကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနည်းများ (အပိုင်း-၁)
၁၁း၄၅	ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသော မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ကျင်းပရေးဗဟိုကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC)၌ ဇန်နဝါရီ၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးတက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အခြားဝန်ကြီးဌာနများမှ ဗဟိုကော်မတီဝင်များ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စနစ်တကျ

ဝန်ကြီးက တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယခုလ နောက်ဆုံးအပတ်အတွင်း ကျင်းပမည်ဖြစ်ရာ အဆင်ပြေချောမွေ့စွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး၊ ပြည်သူများပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အခြားဝန်ကြီးဌာနများမှ ဗဟိုကော်မတီဝင်များ အနေဖြင့်လည်း လိုအပ်သော အကြံဉာဏ်များ ပေးကြရန်နှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပေးကြရန် မေတ္တာရပ်ခံကြောင်း အမှာစကားပြောကြားသည်။

မှာကြား

သက်ဆိုင်ရာ ဗဟိုကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ ဆောင်ရွက်ရန် လိုအပ်သည်များနှင့် ပါဝင်ကူညီနိုင်မည့် နည်းလမ်းများကို တင်ပြဆွေးနွေးကြပြီး ဝန်ကြီးက လိုအပ်သည်များကို ပြန်လည်ဖြည့်စွက် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသများ ပြောင်းလဲဖွံ့ဖြိုးလာ ကျေးရွာတိုင်းလိုလို စီးပွားရေး ပညာရေးလုပ်ငန်းတိုးတက်ပြီး လူနေမှုမြင့်မား ယခုထက်ပိုမိုတိုးတက်အောင် အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် မုံရွာခရိုင် မုံရွာမြို့နှင့် ယင်းမာပင်မြို့တို့၌ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် ကတ္တရာလမ်းသစ်ဖွင့်ပွဲများနှင့် သင်တန်းကျောင်းဖွင့်ပွဲတို့သို့ တက်ရောက်ချီးမြှင့်အားပေးကြပြီး ဒေသအလိုက် လိုအပ်ချက်များကို ဆွေးနွေးမှာကြား ဖြည့်ဆည်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးများသည် နံနက် ၆ နာရီခွဲတွင် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် မုံရွာမြို့ ကမ်းနားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်တို့က သဲအင်းဂူလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် သဲအင်းဂူလမ်း ကတ္တရာလမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးကြပြီး ကြိုဆိုနှုတ်ဆက်ကြ တက်ရောက် ချီးမြှင့်အားပေးကြရာ ကတ္တရာလမ်းသစ်ကို ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်လွင်ဦးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းမြင့်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးများ အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မုံရွာမြို့ သဲအင်းဂူလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်အားပေးကြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးများ ယင်းမာပင်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းရှိ စက်ချုပ်သင်တန်းကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်တို့က ကမ်းနားလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ချီးမြှင့်အားပေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ကမ်းနားလမ်းကတ္တရာလမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ ဆက်လက်၍ အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် မုံရွာမြို့ သဲအင်းဂူလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး

သော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ယင်းမာပင်မြို့သို့ ရောက်ရှိကြပြီး (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် ယင်းမာပင်မြို့ တိုးချဲ့ရေပေးဝေရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့သော ယင်းမာပင်မြို့ တိုးချဲ့ရေပေးဝေရေးဆိုင်းဘုတ်ကို တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးများသည် ရေစက်ရုံ၊ ရေကန်နှင့် ဒေသခံပြည်သူများ စနစ်တကျရေခပ်နေမှုများ၊ ရေမီတာတပ်ဆင်ထားမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ယင်းမာပင်မြို့ရှိ ဂန္ဓာမာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်စကားပြောကြားကာ ကတ္တရာလမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးများသည် ယင်းမာပင်မြို့၌ တည်ဆောက်ပြီးစီးသွားသည့် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းဖွင့်ပွဲသို့ တက်ရောက်၍ သင်တန်းကျောင်းကို ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက သင်တန်းကျောင်းကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြပြီး သင်တန်းကျောင်းကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ယင်းမာပင်မြို့နှင့် အနီးဝန်းကျင်မှ သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသူ ၃၀ အား အားပေးစကားပြောကြားသည်။

အဆိုပါ သင်တန်းကျောင်း၌ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ဟင်းလျာချက်ပြုတ်နည်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်စီ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်ရောက်စဉ်ကာလအတွင်း သင်တန်းကုန်ကျစရိတ်အားလုံးကို အခမဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည့် လူထုတွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာ၌ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးခဲ့ရာ ယခုအခါ သိသိသာသာ ပြောင်းလဲ တိုးတက်ဖွံ့ဖြိုးလာပြီဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်း ယင်း မာ ပင် မြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းခန်းမ၌ကျင်းပသော လူထုတွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူနေမှုမြင့်မား

နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသည် မြို့ပြနှင့် ကျေးလက်ကွာဟမှု နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျေးရွာတိုင်းလိုလိုပင် စီးပွားရေး၊ ပညာရေးများ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာကို တန်ဖိုးထား လေးစားသောအားဖြင့် မိမိတို့ဒေသ ယခုထက်ပိုမိုတိုးတက်အောင် အားသွန်ခွန်စိုက် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

စဉ်ဆက်မပြတ်ဖွင့်လှစ်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာ သင်တန်းကျောင်းများကို ၁၉၉၂ ခုနှစ်မှစတင်၍ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ ၃၄ ကျောင်းရှိသွားပြီဖြစ်ကြောင်း။

အမျိုးသမီးငယ်များ ကိုယ်ပိုင်စီးပွားရေးထူထောင်နိုင်ရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းသည့် အကျင့်စာရိတ္တကောင်းမွန်သော အမျိုးသမီးငယ်များဖြစ်လာစေရန်၊ တိုင်းချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှု၊ အိမ်တွင်းမှုပညာရပ်များ ပိုမိုထွန်းကားပြန့်ပွားလာစေရန်တို့ကို ရည်ရွယ်ပြီး ဤသင်တန်းကျောင်းများကို ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန် အစွမ်းကုန်ကြိုးပမ်း တည်ဆောက်ပေးနေကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

ယခုအခါ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း ကျင်းပလျက်ရှိကြောင်း၊ သို့ရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ပျက်စီးအောင်၊ အမျိုးသားညီလာခံကြီးကို မအောင်မြင်အောင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက နည်းမျိုးစုံသုံးပြီး ဟန့်တားနှောင့်ယှက် တိုက်ခိုက်လျက်ရှိကြောင်း၊ သို့ပါ၍ ဒေသခံပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ အမျိုးသားညီလာခံအောင်မြင်ရေး၊ ပြည်တွင်းပြည်ပ အဖျက်အမှောင့်လုပ်ရပ်များကို တားဆီးကာကွယ် ချေမှုန်းရေးတို့ကို နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းအတွင်းရှိ ရေခက်ခဲသော ကျေးရွာ၊ ရေလုံလုံလောက်လောက် မရရှိသော ကျေးရွာများ၌ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ ကျေးလက်ရေရရှိရေး လုပ်ငန်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ပြည်သူများနှင့်အတူ အင်တိုက်အားတိုက် လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ယင်းမာပင်မြို့ မြို့လုံးကျွတ် ရေပေးဝေမှု၊ ကတ္တရာလမ်းသစ်များ ဖွင့်လှစ်နိုင်မှု၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ဖွင့်လှစ်ပေးနိုင်မှုတို့နှင့် ပတ်သက်၍ ဒေသခံတစ်ဦးက နိုင်ငံတော်အစိုးရနှင့်တာဝန်ရှိပုဂ္ဂိုလ်များအား ကျေးဇူးတင်စကား ပြောကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၅

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏စက်မှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း

နိုင်ငံတစ်ဝန်း စက်ရုံအလုပ်ရုံများ တိုးတက်တည်ဆောက်နိုင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို စိုက်ပျိုးရေးအခြေခံသည့် စက်မှု နိုင်ငံအဖြစ် တည်ဆောက်နိုင်ရန်အတွက် စက်မှုအခြေခံများ ထူထောင်ရာတွင် စက်မှုစီမံကိန်းများချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ ယင်းကဲ့သို့ အကောင်အထည်ဖော်နိုင်မှုကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ တစ်ခုနှင့် တစ်ခုအကြား စက်မှုလုပ်ငန်းထူထောင်မှု ထုတ်လုပ်သည့်လုပ်ငန်း စသည့် လုပ်ငန်းများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက် ထူထောင်ပေးလျက်ရှိသည်။

အထောက်အကူပြု

တပ်မတော်အစိုးရလက်ထက်တွင် တိုတောင်းသည့် အချိန်ကာလအတွင်း စက်ရုံအလုပ်ရုံ အမြောက်အမြား တည်ဆောက်ပေးနိုင်သဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ လူမှုဘဝ မြင့်မားတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုနေပြီ ဖြစ်သည်။

နိုင်ငံတော်တစ်ဝန်းဖြန့်ကြက် တည်ဆောက်ပေးထားသော နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်များ၊ ပုဂ္ဂလိက စက်ရုံအလုပ်ရုံများနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ တိုးတက်တည်ဆောက်နိုင်မှုတို့ကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

စက်မှုနိုင်ငံအဖြစ် တည်ဆောက်နိုင်ရန်အတွက် စက်မှုစီမံကိန်းများချမှတ်ပြီး နိုင်ငံတစ်ဝန်း စက်မှုဇုန်များ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိရာ ရွှေပြည်သာစက်မှုဇုန်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ကွာဟချက်များ လျော့နည်းလာပြီး ဒေသအနှံ့တွင် စက်မှုအခြေခံများ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်။

ဖြန့်ကြက်ထူထောင်

ယခုအခါ နိုင်ငံအတွင်း လူသုံးကုန်နှင့် အိမ်သုံး စက်မှုပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ သံထည်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း၊ စက်ပစ္စည်းစက်ကိရိယာ ထုတ်လုပ်သည့်လုပ်ငန်း၊ လယ်ယာသုံး စက်ကိရိယာနှင့် ယာဉ်နှင့်ယာဉ်ပစ္စည်း

နိုင်ငံတစ်ဝန်း တိုးတက်တည်ဆောက်ပေးထားသည့် စက်ရုံအလုပ်ရုံများ

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁။	**နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ**			
	- တည်ဆောက်ပြီးစက်ရုံများ	၆၄၁	၈၄၃	၂၀၂
	- တည်ဆောက်ဆဲစက်ရုံများ	-	၂၉	၂၉
၂။	**စက်မှုဇုန်များ**	-	၁၈	၁၈
	- လုပ်ငန်းပေါင်း	-	၈၄၆၃	၈၄၆၃
၃။	**ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ**	၂၆၈၇၂	၄၂၇၀၇	၁၅၈၃၅
၄။	**အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း**	-	၈၅၀၀	၈၅၀၀

ကုမ္ပဏီတစ်ခုမှ ငွေကျပ်သိန်း၃၅၀ ဖောက်ထွင်းခံရမှု မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ကုန်သည်လမ်း အမှတ်(၅၆၁/၅၆၇) မြေညီထပ် အခန်း(၃)၌ ရုံးခန်းဖွင့်လှစ်ထားသော ဟုန်ရှင်းကုမ္ပဏီလီမိတက်သည် လုပ်ငန်းသုံးငွေကျပ်သိန်း ၁၀၅၀ကို ရုံးခန်းအတွင်း သိမ်းဆည်းထားရာမှ ငွေကျပ်သိန်း ၃၅၀ လျော့နည်းပျောက်ဆုံးသဖြင့် ၂၀၀၅ ခုနှစ် အောက်တိုဘာ၃ရက်တွင် ကျောက်တံတားရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့သည်။

သတင်းရရှိခဲ့

စုံစမ်း စစ်ဆေးချက်များအရ ကျောက်တံတားမြို့နယ် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှ လုံခြုံရေးဝန်ထမ်းတာဝန်ထမ်းဆောင်ခဲ့ဖူးသူ မင်းကျော်သူ(ခ)မင်းမင်း(၃၁)နှစ် (ဘ)ဦးကျော်စိန် အမှတ် ၃၇ သီရိမင်္ဂလာ ၁ လမ်း (၈)ရပ်ကွက် မြောင်းမြမြို့ ရေဝတီတိုင်းနေသူသည် ၂၃-၁၀-၂၀၀၅ ရက်တွင် အလုပ်မှ ထွက်သွားကြောင်း၊ ၄င်းသည် အမှတ်(၁၃၂) ပထမထပ် ဆိပ်ကမ်းသာလမ်း (၇)ရပ်ကွက် ကျောက်တံတားမြို့နယ်၌ ရုံးခန်းဖွင့်ကာ အကျိုးဆောင် ဒါရိုက်တာအဖြစ် လုပ်ကိုင်နေကြောင်း၊ လက်ကိုင်ဖုန်းတစ်လုံးကို ငှားရမ်းသုံးစွဲ၍ ငွေကြေးသုံးစွဲမှုများမှာ သင်္ကာမကင်းဖွယ်ရှိကြောင်း တာဝန်သိပြည်သူများထံမှ သတင်းရရှိခဲ့သည်။

ဖော်ထုတ်ဖမ်းဆီး

ယင်းသတင်းကွင်းဆက်အရ ၄င်းတရားခံသည် ၂၆-၁၀-၂၀၀၅ ရက်တွင် မြောင်းမြ-ရန်ကုန် ပြေးဆွဲနေသည့် နစ်ဆန်းမှန်လုံယာဉ်တစ်စီးကို ငွေကျပ် ၂၃၇ သိန်းဖြင့် ဝယ်ယူခဲ့ကြောင်း ထပ်မံတွေ့ရှိရ၍ ခေါ်ယူစစ်ဆေးခဲ့ရာ ၂၀၀၅ခုနှစ် ဒီဇင်ဘာ၃၀ ရက်တွင် ၄င်းတရားခံအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ မင်းကျော်သူ၏ ထွက်ဆိုချက်အရ ၄င်းသည် ၂၀၀၅ ခုနှစ် အောက်တိုဘာလအတွင်း ည ၁၁နာရီခန့်တွင် ၄င်းလုပ်ကိုင်သည့် ကျောက်တံတားမြို့နယ်ရှိ ဆောက်လုပ်ရေးတာဝါအနောက်ဘက်လမ်းကြားသို့ ရေစက်ရေချူရန် ဟုန်ရှင်းကုမ္ပဏီလီမိတက်ရုံးခန်းအနီး အနောက်ဘက်ပေါက်မှ သွားရောက်စဉ် ဟုန်ရှင်းကုမ္ပဏီလီမိတက် ရုံးခန်းအပြင် သံပန်းတံခါးကို သော့ခတ်လျက် တွေ့ရှိရသောကြောင့် ရေစက်သော့ဖြင့် ဖွင့်ပြီးဝင်ခဲ့ကြောင်း၊ ၄င်းနောက် အတွင်းသစ်သား တံခါးကို လက်ဖြင့် တွန်း၍ တံခါးလက်ကိုင်အဝိုင်းကို လှည့်ဖွင့်ကာ သံတိုင်များ ကာရံထားသည့် အခန်းအတွင်းရှိ ပီနံအိတ်ဖြင့်ထည့်ထားသော ငွေထုပ်ခုနစ်ထုပ်အနက်မှ အချို့ကို သံချိတ်ဖြင့် ချိတ်၍ဆွဲယူခဲ့ပြီး အခန်းနှင့်သော့ကို ခြေရာလက်ရာ မပျက်ပြန်ပိတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သိမ်းဆည်းရမိ

စစ်ဆေး ဖော်ထုတ်ချက်များအရ ခိုးယူရရှိငွေဖြင့်ဝယ်ထားသော နစ်ဆန်းမော်တော်ယာဉ် တစ်စီး၊ ယာဉ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ GSM ဖုန်းနှင့် ရွှေထည်ပစ္စည်းများ၊ မြန်မာ ငွေကျပ် ၄၂၇၀၀၀အပါအဝင် ရွှေထည်ပစ္စည်းများ၊ အခြားပရိဘောဂများကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့သန္နိဋ္ဌာန်

- ❐ အရုဏ်ကျင်းစ
ရှုမြင်ရသည့်
မြန်မာ့အောင်လံ
မိုးသို့ပျံသည်
အားမာန်အပြည့်ပါတကား။
- ❐ သူ့ကျွန်အဖြစ်၊ နှံ့မှာနစ်လည်း
အနှစ်မခံ၊ လွတ်အောင်ကြံခဲ့
ရွှေမှန်ကင်းအစစ်၊ ထင်းပင်ဖြစ်လည်း
ဖြစ်သည့်ထင်းက၊ ဟုန်းဟုန်းကြွကာ
မီးထလျှံတောက်၊ သူ့ကိုခြောက်ခဲ့
လွတ်မြောက်ရေးအတွက်၊ သွေးအသက်တို့
ပေးဆက်တော်လှန်၊ အညံ့မခံသည်
အလံတော်သည် သက်သေတည်း။
- ❐ ထို့ပြင် သွေးချင်း၊ ညီနောင်ရင်းတို့
ရိုင်းပင်းတူမျှ၊ လက်တွဲကြ၍
ရခဲ့ဘိသေး၊ လွတ်လပ်ရေးတည့်
သွေးစည်းညီညွတ်၊ အောင်ပန်းဆွတ်မို့
မချွတ်ကေန်၊ စည်းလုံးရန်ဟု
အလံတော်သည် လမ်းညွှန်တည်း။
- ❐ အို-ပြည်သူအများ၊ သတိထားလော့
ဒို့အားဝင်ပူး၊ နယ်ချဲ့ရူးလျှင်
စားဖူး၍ ချိုု မျိုဖူး၍ စွဲ
လျှာလည်ဆဲတည့်
သွေးကွဲအောင်ပင်၊ ဒို့ပြည်ခွင်ကို
မွှေချင်နှောက်ချင်၊ သွေးခွဲချင်၏
မြင်အောင်လည်းကြည့်၊ သိအောင်ဆင်ခြင်
အသင့်ပြင်လျက်
လမ်းစဉ်မှန်မြတ်၊ ခုနစ်ရပ်ကို
ချမှတ်ပြီးသား၊ လျှောက်လှမ်းသွားဖို့
သွားမည့်လမ်းကြောင်း၊ မတိမ်းစောင်းဖို့
ကောင်းမြတ်စိတ်ကြံ၊ သန္နိဋ္ဌာန်ဖြင့်
အလံတော်ရှေ့သို့ ချီတက်စို့။
- ❐ အရုဏ်ကျင်းစ
ရှုမြင်ရသည့်
မြန်မာ့အောင်လံ
မိုးသို့ပျံသည်
အားမာန်အပြည့်ပါတကား။ ။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်....

တက္ကသိုလ် ညိုမြင်းမောင်

စာမျက်နှာ ၁၂ မှ

ယင်းနောက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက တိုင်းမှူးနှင့် ဝန်ကြီးများအား ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်သည်။ ဆက်လက်၍ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းအတွက် ကွန်ပျူတာတစ်လုံး၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရုပ်မြင်သံကြားဖမ်းစက် တစ်လုံး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ယင်းမာပင်မြို့နယ်အတွက် အားကစားပစ္စည်းများကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ယင်းမာပင်မြို့ တိုးချဲ့ရေပေးရေး စီမံကိန်းအတွက် ကုန်ကျငွေမှာ ငွေကျပ် ၁၀၈သိန်းဖြစ်သည်။ ဂန္ဓမာလမ်း ကတ္တရာလမ်းသစ် လုပ်ငန်းအတွက် ငွေကျပ်၅၈ဒသမ ၈သိန်း ကုန်ကျခဲ့သည်။ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ငွေကျပ်၃၅၀၀၀၀တန် ဂါလန် ၁၅၀၀ဆံ့ အများသုံးသောက်သုံးရေကန် တစ်ကန်စီနှင့် ပြည်သူများထည့်ဝင်ငွေမှ သောက်သုံးရေကန် နှစ်ကန်တို့ကို တည်ဆောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဇန်နဝါရီ ၄

ယနေ့ညနေ မြန်မာစံတော်ချိန် ၅နာရီ ၃၉မိနစ် ၅၄စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက်မိုင် ၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ(တိုက်ကြီး မြို့နယ်အတွင်း)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ဒသမ၉အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

(သတင်းစဉ်)

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မိသားစုတိုင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုး၊ ဒေသဖွံ့ဖြိုးမှုထောက်ကူ မတ္တရာမြို့နယ် ခြိစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေးပွဲ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်တက်ရောက်

မန္တလေး ဇန်နဝါရီ ၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ပြင်ဦးလွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၃၁ ရက် နံနက် ၈ နာရီက ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ကျောက်တံတားကျေးရွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ကျောင်းရှေ့မြေကွက်လပ်ရှိ သရုပ်ပြမဏ္ဍပ်တွင် ပြင်ဦးလွင်ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်သန်းက ခြံစည်းရိုးကြက်ဆူပင် အသီး၊ အစေ့အမျိုးအစားများနှင့်ပတ်သက်၍လည်းကောင်း၊ ပြင်ဦးလွင်ခရိုင် သစ်တော ဦးစီးဌာနမှူး ဦးအောင်သန်းဝင်းက ခြံစည်းရိုးကြက်ဆူပင်ကို ကိုင်းမှ မျိုးပွားနည်း၊ စိုက်ပျိုးနည်းစနစ်များနှင့် တစ်ပင်နှင့်တစ်ပင် ၆ ပေ (တစ်လံ)ခန့် အကွာအဝေး စိုက်ပျိုးရမည့်ပုံစံများကိုလည်းကောင်း သရုပ်ပြရှင်းလင်းတင်ပြရာ မတ္တရာမြို့နယ်ရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုတို့မှ ဒေသခံကျေးရွာလူထု ၃၀၀၀ ကျော်ကြည့်ရှုလေ့လာကြပြီး တိုင်းမှူးက ကျေးရွာများတွင် အိမ်ထောင်စုတိုင်း မိသားစုဝင်ငွေတိုးဖို့ ခြံစည်းရိုးကြက်ဆူပင် စိုက်ကြစို့ဟူသော ဆောင်ပုဒ်နှင့်အညီ ခြံစည်းရိုးကြက်ဆူပင်ကို မဖြစ်မနေစိုက်ပျိုးရန် ရပ်ကွက်၊ ကျေးရွာများရှိ မြေလွတ်မြေရိုင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားကြရန် အသိပညာပေးမှာကြားသည်။

ထို့နောက် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမောင်မောင်ညွန့်က ခြံစည်းရိုးကြက်ဆူစေ့များကို ဆီညှစ်စက်ဖြင့် လက်တွေ့ဆီထုတ်ပြသခြင်း၊ ၎င်းကြက်ဆူဆီဖြင့် လယ်ယာလက်တွန်းထွန်စက်တွင် အသုံးပြုမောင်းနှင်ခြင်း သရုပ်ပြရာ တိုင်းမှူးနှင့်ဒေသခံကျေးရွာပြည်သူများက ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက မြို့နယ်နှင့် ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသို့ မိသားစုဝင်ငွေတိုးစိုက်ပျိုးနိုင်ရန်အတွက် ကြက်ဆူပင်ကိုင်းပျိုးပင်များကို ဝေငှပေးသည်။

ထို့နောက် တိုင်းမှူးသည် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းခွဲရှိ ပိတောက်ဆောင်တွင် ဒေသခံပြည်သူများကို တွေ့ဆုံ၍ ကျေးလက်ဒေသများတွင် ခြံစည်းရိုးအဖြစ် စိုက်ပျိုးလေ့ရှိသော ကြက်ဆူပင်သည် ယခုအချိန်တွင် နိုင်ငံတော်အတွက် လိုအပ်သော စက်သုံးဆီကို အစားထိုးထုတ်လုပ်နိုင်ကြောင်း၊ ကြက်ဆူပင်ကို စိုက်ပျိုး၍ ကြက်ဆူစေ့မှ ကြက်ဆူဆီထုတ်ယူ၍ မိမိတို့၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် အသုံးပြုနေသည့် စက်ယန္တရားများအတွက် လောင်စာဆီအဖြစ် အသုံးပြုနိုင်သဖြင့် လွန်စွာအကျိုးရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာမှာဖြစ်ကြောင်း၊ အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုမှာ ဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးနည်းစနစ်များနှင့် လိုအပ်သည်များကို အောက်ခြေအထိ ဖြန့်ဝေပေးပြီး ဒေသခံပြည်သူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားကြောင်းသိရသည်။ **(သတင်းစဉ်)**

ရွှေကျောင်း-ပိုင်စွန်နံ ကျောက်ချောလမ်းဖွင့်

ဇလွန် ဇန်နဝါရီ ၂

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ရွှေကျောင်း-ပိုင်စွန်နံကျေးလက်ကျောက် ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ပိုင်စွန်နံကျေးရွာ၌ ကျင်းပသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျေးလက်ကျောက်ချောလမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးလက် ကျောက်ချောလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျေးလက်ကျောက်ချောလမ်းကိုလှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မြဝတီမြို့ ဈေးပတ်လမ်းကို ဒီဇင်ဘာ ၂၇ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦးနှင့် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြု မိတ္ထီလာကျီတော်ကုန်းအဝင် ကတ္တရာလမ်းသစ်ဖွင့်

မိတ္ထီလာ ဇန်နဝါရီ ၄

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးခဲ့သည့် ကျီတော်ကုန်းရပ်ကွက်အဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက်က အဆိုပါနေရာ မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းကတ္တရာလမ်း အရှည်မှာ ၁၂၃၅ပေဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၁၅၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ပေးကြကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

ဖျာပုံမြို့နယ်တွင် ရှမ်းကွင်းကျေးရွာ တံတားဖွင့်ပွဲကျင်းပ ပတ်ဝန်းကျင်ကျေးရွာများ သွားလာရေးအထောက်အကူပြု

ဖျာပုံ ဇန်နဝါရီ ၁

ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ရှမ်းကွင်းကျေးရွာတံတားဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်က အဆိုပါတံတားမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ထွန်းက ရှမ်းကွင်း တံတား တည်ဆောက်မှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ရှမ်းကွင်းတံတားဆိုင်းဘုတ်ကို ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ရဲထွဋ်က အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့်မြို့နယ်အသင်းအတွင်း ရေးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ ရှမ်းကွင်းတံတားသည် ဖျာပုံ၊ ကျိုက်လတ်နှင့် မအူပင် ကားလမ်းဘေးတွင်တည်ရှိပြီး ရှမ်းကွင်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများအတွက် သွားလာဆက်သွယ်ရေး အထောက်အကူပြု ကျေးလက်တံတား ဖြစ်သည်။

အကုန်အကျခံ

အဆိုပါတံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၂၄ သိန်းနှင့် ဒေသခံပြည်သူများက ငွေကျပ် ကိုးသိန်းလေးသောင်း အကုန်ကျခံပြီး အရှည် ၃၂ ပေ၊ အကျယ် ၁၂ပေနှင့် အမြင့် ၁၅ ပေရှိ ကွန်ကရစ်တံတား ဖြစ်ကြောင်း သိရသည်။ **(၁၅၈)**

မြန်မာ့အသံ

၆-၁-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား [ရှမ်းပြည်နယ်(မြောက်ပိုင်း) နှစ်ရှည်ပင်လုပ်ငန်း၏ ရော်ဘာစိုက်ပျိုးမှုအကြောင်း]

၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (သွေးအကြောင်း-မင်းမောင်သိုက်)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (နှင်းပွင့်လေးများနှင့် အပြိုင်)

ညနေပိုင်း

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း (၁)လွတ်လပ်ရေးကိုထိန်းသိမ်းပါ (ခေါင်းကြီး) (၂)ရင်နှင့်အမျှ (ဆောင်းပါး သရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၂၀ ကျေးလက်ဇာတ်လမ်း (နှစ်သစ်နှင့် အချစ်စစ်)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အစားအသောက်သတင်း-မောင်ဆုရှင်)

ရတနာနှင်းမြိုင်

ဒါစားထိုးမရတဲ့ချစ်သူ

VCD

(မိုးရွာရင်မိုးရေချိုးမယ်မေမေတောင်နိုးဖယ် . . . NO အဖွဲ့ရဲ့ညီဆိုသရုပ်ဆောင်မှုအပါအဝင်)

ဆောင်းဦးလှိုင် I(NG2K)I(ZODIAC)I (NO)

GRADE-A .1550/-
GRADE-B.1050/-

VCD KARAOKE ထွက်ပြီ

မွေးနေ့မင်္ဂလာ ဆုတောင်း

၂၂-၁၂-၂၀၀၅ ရက်တွင် ကျရောက်သော ကျွန်တော်တို့၏ အစ်ကိုကြီး **ဦးရန်နိုင်** ၏ (၅၁)နှစ်မြောက် မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ သာယာချမ်းမြေ့ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ကိုညီ-မမိုး
မိသားစု။

ချင်းပြည်နယ် ပလက်ဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနသို့ မဂ္ဂဇင်းမျိုးစုံ တန်ဖိုးငွေကျပ် ၈၀၀၀၀တန်ဖိုးရှိ အုပ်ရေ ၃၀၀ကျော်ကို ဇန်နဝါရီ ၂ရက်က မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့ စာပေညီလာခံကိုယ်စားလှယ် ဦးခင်လှိုင်(ချစ်မိုးညို)က ပေးအပ်လှူဒါန်းရာ ပလက်ဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းသိန်းက လက်ခံရယူစဉ်။ (က-ပ)

ကောက်လျှင်လမ်း ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၄

သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၂၉)ရပ်ကွက် ကောက်လျှင်လမ်း တနင်္ဂနွေပတ် သံဃာ့ဒါနဆွမ်းလောင်းအသင်း၏ (၂၃)ကြိမ်မြောက် ဆွမ်းအောင်ပွဲ ဓမ္မပူဇာသဘင်အဖြစ် ဇန်နဝါရီ၅ရက်ညတွင် အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)၊ ၆ရက်ညဥ့် အရှင်ခေမာသိရီလင်္ကာရ(သီတဂူ-ကြာတစ်ပွင့်)နှင့် ၇ရက်ညတွင် အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ)ဆရာတော်တို့က ညစဉ် ၇နာရီမှစ၍ တရားရေအေး အမြိုက်ဆေးများ တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၄

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်မှ နိုင်ငံတော် ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဇန်နဝါရီ ၈ရက်နှင့် ၉ရက်တို့တွင် ကျုံပျော်မြို့ အောင်ဆန်း ရပ်ကွက် မဟာပုံညရုံသီ ဆုတောင်းပြည့်ဘုရားပွဲ၊ ၁၀ရက်နှင့် ၁၁ရက်တွင် လက်ပံတန်းမြို့နယ် ခမုံ ဆိပ်ကျေးရွာ ထေရဝါဒတရားပွဲ၊ ၁၂ရက်တွင် ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက် ပိဋကပါတ် ဆွမ်းလောင်းအောင်ပွဲ၊ ၁၃ရက် ညနေ ၆နာရီတွင် တောင် ဥက္ကလာပမြို့နယ် ၆ရပ်ကွက် ဗဟိုဓမ္မာရုံပွဲ၊ ည ၈နာရီတွင် တောင် ဥက္ကလာပမြို့နယ် ၅ရပ်ကွက် သရေခေတ္တရာလမ်း အမေနေ့ပွဲ၊ ၁၄ရက်တွင် မင်္ဂလာဒုံမြို့ စမ်းကြီး၀ ရပ်ကွက် ဇေယျာသီရိကျောင်း မလွန်ဆန်လှူပွဲ၊ ၁၅ရက်တွင် တာမွေ ကျောက်မြောင်း ကျားကွက်သစ် ဓမ္မာရုံပွဲ၊၁၆ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေဓမ္မာရုံ ဆွမ်းလောင်းအောင်ပွဲ၊ ၁၇ရက်တွင် မုံရွာမြို့ သာမဏေကျော် စာမေးပွဲ ဓမ္မသဘင် တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

ဆက်သွယ်နိုင်

တရားပွဲရက် ရရှိပြီးသူများသည် မယ်တော်ကြီး ဒေါ်ညို အမှတ် ၂၇/က-အနောက် အောင်မေတ္တာလမ်းသွယ်(၁) အောင်သစ္စာလမ်းမ ကုလားကျောင်းမှတ်တိုင်၊ သမိုင်းလမ်းဆုံအနီး မရမ်းကုန်း ရန်ကုန် တစ်ဆင့် ဖုန်း- ၀၁-၆၆၄၉၀၉သို့ ဆက်သွယ်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ခရိုင်အဆင့်ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ၃၁ရက် နံနက်၈နာရီက အသင်းရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရန်ကုန်တိုင်းအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးမင်းသိန်းနှင့် ဦးဝင်းအောင်ကျော်၊ အနောက်ပိုင်းခရိုင်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ကို၊ မြို့နယ်များမှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ခရိုင်တွင်းရှိ မြို့နယ် ၁၃မြို့နယ်မှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်ဦးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အလုံမြို့နယ်မှ မဖြူဖြူညွန့်က ပထမ၊ ဒဂုံမြို့နယ်မှ မောင်ကျော်ဇံဝေက ဒုတိယနှင့်ကြည့်မြင်တိုင်မြို့နယ်မှ မောင်ဥက္ကာကျော်ကတတိယဆုများ ရရှိကာ ယင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ကြပြီး အကဲဖြတ်ဆရာ ဆရာမများအား ခရိုင်အသင်းခေတ္တအတွင်းရေးမှူး ဦးမြင့်ဆောင်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**

ဘိုကလေးဆရာတော် ဝိဇာတမင်္ဂလာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၄

ပြည်တွင်းပြည်ပ သာသနာပြု ဘိုကလေးဆရာတော်သက်တော်ရ ဘဒ္ဒန္တစန္ဒောဘာသ၏ ဝိဇာတမင်္ဂလာ ပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက်ညနေ၅နာရီတွင် ရွှေတိဂုံစေတီ အင်္ဂါထောင့်၌ ပန်း၊ ရေချမ်း၊ ဆီမီး နံ့သာတို့ဖြင့်လည်းကောင်း၊ ဇန်နဝါရီ ၁၄ရက် နံနက်၁၀နာရီ၌ ပင့်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းဖြင့်လည်းကောင်း တပည့်ဒါယကာ ဒါယိကာမများက ပူဇော်ကြမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဈေးတန်းရပ်ကွက် သစ္စာလမ်း ကျောက်ခင်းလမ်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်း အင်ဂျင်နီယာ-(၂) ဦးလှမျိုးတို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)



မျိုးသန့်ချည်မျှင်ရှည်ဝါ ပန်းတိုင်နှုန်းထွက်ရှိရေး နည်းပညာပြပွဲကျင်းပ

မကွေး ဒီဇင်ဘာ ၁၅

မကွေးတိုင်း မြို့သစ်မြို့နယ် ညောင်ငုတ်တိုလ်ကျေးရွာတွင် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမှ မျိုးသန့်ချည်ရှည်ဝါဧက ၂၀၀စိုက်ပျိုးထားရာ ပန်းတိုင်အထွက်နှုန်း တစ်ဧကပိဿာ ၄၀၀ ထွက်ရှိရေး နည်းပညာဆောင်ရွက်မှု ပြပွဲကို နိုဝင်ဘာ ၂၉ရက်က တောင်သူကြီး ဦးသိန်းလှ၏ မျိုးသန့်ချည်မျှင်ရှည်ဝါစိုက်ခင်းတွင် ကျင်းပသည်။

ထို့နောက် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ကျော်ဝင်းက တစ် ဧကပိဿာ၄၀၀ထွက်ရှိရေး နည်းပညာ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြသထားသော ပြခန်းနှင့် မျိုးသန့်ချည်မျှင်ရှည်ဝါ စိုက်ခင်းများကို ခရိုင်မန်နေဂျာ ဦးအောင်သူရဘာလုနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ငွေးတို့က ရှင်းလင်းပြသရာ တစ်ဧက ၄၉၈ပိဿာ ထွက်ရှိကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမျိုးသမီးရေးရာ အဆိုပြုလွှာပေးအပ်ပွဲနှင့် သိုးမွေးထိုးသင်တန်းဆင်း

တောင်ကြီး ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော သိုးမွေးထိုးသင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် ညနေ၃နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မြတ်ငွေနှင့် အဖွဲ့သည်ခန်းမအတွင်း၌ သင်တန်းသူများ အဖွဲ့လိုက်ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း၊ သင်တန်းသူများ ပြိုင်ပွဲဝင်ထားသော သိုးမွေးထည်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းအဖွဲ့လိုက် ထူးချွန်သူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြလွင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သင်တန်းနည်းပြများအား ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးငယ်ရွယ်လုပ်ငန်း အဖွဲ့တာဝန်ခံ ဒေါ်နန်းမေသိန်းကြည်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် အမျိုးသမီးရေးရာအဖွဲ့ အသင်းဝင် အဆိုပြုလွှာများကို သင်တန်းသူများ ကိုယ်စားသင်တန်းသူတစ်ဦးက ပေးအပ်ရာရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့စည်းရုံးရေးဌာနကြီးမှူး ဒေါ်မိငယ်ထွန်းက လက်ခံရယူကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်းရှိ ပျိုးအိမ်များအတွင်း စက္ကူပန်းပင်များနှင့် ခရာဝါပင်များကို အဖွဲ့ရုံးဝန်ထမ်းများဖြင့် ပန်းအလှပင်များ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးခြင်းကို ဒီဇင်ဘာ ၂၄ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် ဒုတိယ ဦးစီးမှူး (အခွန်) ဒေါ်တိုးတိုးသန်းတို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)



အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲ ဆုများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၄

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ကျင်းပရာ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာမျက်နှာ ၁၀ ကော်လံ ၁ ●

၂၀၀၆ ခုနှစ် (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ်။ **(မြန်မာ့အလင်း)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပ ပြည်သူလူထုအင်အားတစ်သောင်းကျော် တက်ရောက်အလေးပြု

ရန်ကုန် ဇန်နဝါရီ ၄

နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးတက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေးတည်းဟူသော စာမျက်နှာ ၁၁ ကော်လံ ၁ ✳

ကဗျာပြိုင်ပွဲ ဆုချီးမြှင့်

၂၀၀၆ ခုနှစ် (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲ၌ ပထမဆုရရှိသော ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မဟာန်နီစိုးအား ဆုချီးမြှင့်စဉ်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ဆောင်းပါး နှင့် ကဗျာ အညွှန်း

အားငယ်နေတဲ့ တိုင်းရင်းသားတွေ လက်ခမောင်းထခတ်ပေရော့

စိုးမြကျော်– သီးခြားအခွင့်အရေးမရသော တိုင်းရင်းသား လူနည်းစုများကို တိုင်းဒေသကြီး လွှတ်တော်/ ပြည်နယ်လွှတ်တော်တွေမှာ ကိုယ်စားလှယ်အဖြစ် အခုလို ပါဝင်ခွင့်ပေးထားတာဟာ အလွန်ဝမ်းမြောက်စရာပါပဲ။ အဲဒီ တိုင်းရင်းသား လူနည်းစုများရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွေမှာ ဥပဒေပြုနိုင်တဲ့ အခွင့်အရေးပဲရမှာလား၊ အခြားအခွင့်အရေးတွေအနေနဲ့ ဘာတွေများပေးထားပါသေးလဲ သိပါရစေ။

ဘကြီးစိုး– အဲဒီ ဥပဒေပြုနိုင်တဲ့ အခွင့်အရေးတင် ဘယ်ကမလဲကွယ်။ အဲဒီပုဂ္ဂိုလ်ဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီး ဖြစ်လာလိမ့်မယ်။ နိုင်ငံတော်သမ္မတက အဲဒီ ပုဂ္ဂိုလ်ကို သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးစုရဲ့ အရေးအရာတွေကိုဆောင်ရွက်ဖို့ ဝန်ကြီးအဖြစ် တာဝန်ပေးအပ် သွားမှာဖြစ်တယ်။

ကြီးကြီးမြ– ကျုပ်တို့ကတော့ လူနည်းစုမို့ တိုင်းဒေသကြီးမရလို့၊ ပြည်နယ်မရလို့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသတွေ မရလို့ ဟိုအရင်ကအတိုင်းပါပဲလို့ အားငယ်နေတဲ့ တိုင်းရင်းသားတွေ လက်ခမောင်း ထခတ်ပေရော့လို့ ကြီးကြီးက ပြောလိုက်ချင်ပါတယ်။

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ အပိုင်း(၂) ဆောင်းပါး (စာ – ၈ နှင့် ၉)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

တက္ကသိုလ်ညီမြင့်မောင်၏ လွတ်လပ်ရေးနေ့သန္နိဋ္ဌာန် (စာ–၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ ဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ ကိုယ်စားလှယ်(၆)ဦး စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက် စာတမ်းအနက် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်း ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ဖြစ်သည့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စုပေါင်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုအားလုံး၊ တစ်နည်းအားဖြင့် နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနေထိုင်နိုင်ရေးသည် ပဓာနကျသော အချက်တစ်ချက်ဖြစ်ပါကြောင်း၊ ယင်းသို့ စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရန်အတွက် နိုင်ငံအတွင်း၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပြည့်စုံထွန်းကားနေရန် လိုအပ်မှာဖြစ်ပါကြောင်း၊ ယင်းတို့ကိုဖော်ဆောင်ပေးနိုင်ရန် မရှိမဖြစ်လိုအပ်သည့် အရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပင် ဖြစ်ပါကြောင်း၊ ယင်းအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ဖို့ရာမှာလည်း နိုင်ငံသားတိုင်းမှာ တာဝန်ရှိသကဲ့သို့ ညီလာခံကိုယ်စားလှယ်တော်ကြီးများအားလုံးမှာလည်း ပို၍ပင် တာဝန်ရှိကြပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ထဲတွင် နိုင်ငံတော်ကို မည်ကဲ့သို့ တည်ဆောက်မည်၊ မည်သည့်ပုံစံဖြင့် ဖွဲ့စည်းမည်၊ မည်သည့်စနစ်ဖြင့် ထူထောင်မည်၊ အာဏာများကို မည်ကဲ့သို့ ခွဲဝေကျင့်သုံးမည်၊ တာဝန်များကို မည်ကဲ့သို့ ပိုင်းခြားအကောင်အထည်ဖော်မည်၊ နိုင်ငံတော်အစိုးရအား မည်ကဲ့သို့ ကန့်သတ်ပေးရမည်၊ နိုင်ငံသားတို့၏ ရပိုင်ခွင့်နှင့် တာဝန်များ မည်သို့ရှိရမည်စသည်များ ပါဝင်မှာဖြစ်သဖြင့် အခြေခံဥပဒေတစ်ရပ်သည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ ပဋိညာဉ်စာချုပ် တစ်ရပ်ပင် ဖြစ်ပါကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်ကြီးများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို ရှေးရှုလျက် တာဝန်သိသိ၊ သစ္စာရှိရှိ အားကြိုးမာန်တက်ဆောင်ရွက်လာခဲ့ကြသည်မှာ ၁၉၉၃ခုနှစ်မှ ယနေ့တိုင်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး အခန်းကဏ္ဍများသည် ပြည်သူများ နေ့စဉ်ထိတွေ့ရင်ဆိုင်နေရသော အခန်းကဏ္ဍများဖြစ်သဖြင့် အချိန်ယူစဉ်းစားပြီး ဆွေးနွေးခဲ့ကြသည်မှာလည်း သဘာဝကျပါကြောင်း၊ ယခုတစ်ဖန် လွှတ်တော်များ အခန်းကဏ္ဍတွင်လည်း တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအနက် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများကို ပထမ ဆွေးနွေးလိုပါကြောင်း။

ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်စဉ်က ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် နာယကတာဝန်ကို ပြည်သူ့လွှတ်တော်သက်တမ်း၏ ပထမလပေါင်း ၃၀ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ထမ်းဆောင်ရမှာဖြစ်ပြီး ကျန်သက်တမ်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ယူထမ်းဆောင်ရမှာဖြစ်ကြောင်းဟု ပါရှိခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး ခေါ်ယူရမည့်အချိန်မှာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၏ ဥက္ကဋ္ဌများလည်း ရွေးချယ်ပြီးလောက်သောအချိန် ဖြစ်ပါကြောင်း၊ အာဏာသုံးရပ်ကို ပိုင်းခြားသုံးစွဲသည့် စနစ်မှာ ပြည်ထောင်စုလွှတ်တော်ကို ပြည်ထောင်စုလွှတ်တော်အကြီးအကဲဖြစ်သည့် ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပပေးသင့်ပါကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ခဲ့စဉ်ကလည်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ရွေးချယ်တင်မြှောက်ပြီးသည့်အခါတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများ သတ်မှတ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပြည်ထောင်စု ဝန်ကြီးဦးရေ သတ်မှတ်ခြင်း၊ တိုးခြင်း၊ လျှော့ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ ပြုလုပ်နိုင်ကြောင်း၊ တစ်ဖန် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရန်ဖြစ်ကြောင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့စဉ်ကလည်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်၏ အမည်စာရင်းကိုလည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတသည် မိမိရာထူးသက်တမ်း စတင်ချိန်၌ အုပ်ချုပ်ရေးကဏ္ဍနှင့်

ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ပေါင်း ဖွဲ့စည်းထားခြင်းဖြစ် ပြည်ထောင်စု လွှတ်တော်ကို ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပပေးသင့်

တရားစီရင်ရေးကဏ္ဍတို့ တစ်ပြိုင်တည်း သက်ဝင်လှုပ်ရှားလာနိုင်စေရန် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ရယူရန်အတွက် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ်အစည်းအဝေးမှ တင်ပြရမှာဖြစ်ပါကြောင်း၊ ယင်းသို့ တင်ပြနိုင်အောင် ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်သည့်နေ့မှ ၁၅ရက်အတွင်း ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ကျင်းပရန် သတ်မှတ်မည်ဆိုလျှင် လျော်ကန်သင့်မြတ်မည်ဟု သဘောရရှိပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးများကိုမူ တစ်နှစ်တွင် အနည်းဆုံးတစ်ကြိမ် ကျင်းပပေးသင့်ပါကြောင်း၊ အနည်းဆုံးဟု သုံးထားသည့်အတွက်တစ်ကြိမ်ထက်ပိုပြီး ခေါ်ယူနိုင်ခွင့်လည်း ရှိမှာဖြစ်ပါကြောင်း၊ ပုံမှန်အစည်းအဝေးများကိုမူ တစ်ကြိမ်နှင့်တစ်ကြိမ်အကြား ၁၂လထက် မပိုစေရဟု သတ်မှတ်မည်ဆိုလျှင် လျော်ကန်သင့်မြတ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

“ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့်နေ့မှ ၁၅ရက်အတွင်း ကျင်းပရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပရမည်”

ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

ထို့ကြောင့် တစ်နှစ်တွင် ကျင်းပရမည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး အရေအတွက်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းပြီး–

“ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော် နာယကက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂လထက် မပိုစေရ”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးရမည်ဆိုလျှင်–

ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတက အခါအားလျော်စွာ တက်ရောက်ပြီး မိန့်ခွန်းပြောကြားမည်ဆိုလျှင် ယင်းမိန့်ခွန်းကို မှတ်တမ်းတင်ထားသင့်ပါကြောင်း၊ အကယ်၍ သဝဏ်လွှာပေးပို့မည်ဆိုလျှင်လည်း လွှတ်တော်၌ ဖတ်ကြားတင်ပြခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကိုလည်း ဆောင်ရွက်သင့်ပါကြောင်း၊ အခြားသဝဏ်လွှာများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်နာယကက စိစစ်ခွင့်ပြုသော သဝဏ်လွှာများကို ဖတ်ကြားတင်ပြခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်သင့်ပါကြောင်း။

ဥပဒေတစ်ရပ်ဖြစ်လာရန် ဥပဒေကြမ်းတင်သွင်း ဆွေးနွေးဆုံးဖြတ်ခြင်းဆိုသည့် ဥပဒေပြုလုပ်ငန်းသည် ဥပဒေပြုလွှတ်တော်၏ ပင်မလုပ်ငန်းတာဝန်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်း တင်သွင်းအတည်ပြုခြင်းကို လွှတ်တော်နှစ်ရပ်စလုံး၌ ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းတစ်ခုနှင့် စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အခါတွင် လွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေးကျင်းပပြီး ဆွေးနွေးဆုံးဖြတ်သင့်ပါကြောင်း၊ ထို့ကြောင့် ဥပဒေပြုလုပ်ငန်းတွင် ပါဝင်သည့် ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးက ဆောင်ရွက်ရမည်ဟု သတ်မှတ်သင့်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်က အတည်ပြုပြီးသည့်နောက် ဥပဒေအဖြစ် လက်မှတ်ရေးထိုးထုတ်ပြန်ကြေညာပေးရန် ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတထံ တင်ပြကြရမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတက ဥပဒေကြမ်းကို သဘောတူလျှင် လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်က ပြန်လည်စဉ်းစားသင့်သည်ဟု သဘောရရှိလျှင် သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ဥပဒေကြမ်းကို လွှတ်တော်သို့ ပြန်လည်ပေးပို့ခွင့်ရှိရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်စဉ်းစားနိုင်ရန် ပေးပို့လာသည့် ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရန် သတ်မှတ်ထားသင့်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများနှင့် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည့် အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂိုလ်က တင်သွင်းသည့် အစီရင်ခံစာများရှိခဲ့လျှင် ယင်းအစီရင်ခံစာများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အနေဖြင့် အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း၊ တစ်ဖန် ဥပဒေကြမ်းတင်သွင်းသည့်အဆိုများ၊ အစိုးရအဖွဲ့က ဆောင်ရွက်ပေးလိုသည့် အဆိုများ၊ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်းပြီး လွှတ်တော်က ဆောင်ရွက်လိုသည့် အဆိုများကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းဆိုသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အနေဖြင့် အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း။

လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အစိုးရအဖွဲ့၏ မူဝါဒများ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် သက်ဆိုင်သည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး မေးခွန်းများ မေးမြန်းကြမှာဖြစ်ပါကြောင်း၊ မေးမြန်းသည့် မေးခွန်းများသည် လွှတ်တော် ဥပဒေများ၌ သတ်မှတ်ထားသည့်စည်းကမ်းနှင့် ညီညွတ်လျှင် မေးခွန်းများကို ဖြေကြားသည့် အဖွဲ့အစည်းကလည်း လွှတ်တော်ကိုယ်စားလှယ်များကိုရော၊ ပြည်သူများကိုပါ အသိပေး ဖြေကြားရသည့်သဘောနှင့် မှန်ကန်ရှင်းလင်းစွာ ဖြေကြားကြရပါကြောင်း၊ ထို့ကြောင့် မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အနေဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ထည့်သွင်းသင့်ကြောင်း တင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်သင့်သည့် အခြားကိစ္စရပ်များ ရှိလာခဲ့လျှင် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြု

အချပ်ပို (ခ) သို့

နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်စဉ်းစားနိုင်ရန် ပေးပို့လာသည့် ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရန် သတ်မှတ်ထားသင့်

အချုပ်ပို (က) မှ

ချက်နှင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို တင်ပြပြီး ဆွေးနွေးဆောင်ရွက်နိုင်အောင် ပြည်ထောင်စု လွှတ်တော်နာယကက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်းဆိုသည့် အသေးစိတ် အခြေခံရမည့်မူများလည်း ချမှတ်သင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကိုဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းသည့်အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ဆွေးနွေးခြင်း၊ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ဖြေကြားခြင်း၊

(ဈ) ပြည်ထောင်စုလွှတ်တော်နာယကက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း"

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်ပါကြောင်း ဆွေးနွေးအကြံပြုလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့် စပ်လျဉ်းပြီး ထူးခြားသည့်အခြေအနေများ ပေါ်ပေါက်သည့်အတွက်ကြောင့် လွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူရသည့်ကိစ္စမျိုး ပေါ်ပေါက်နိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ယင်းသို့ အခြေအနေမျိုးပေါ်ပေါက်ခဲ့လျှင် ဆောင်ရွက်နိုင်အောင် ပြည်ထောင်စုလွှတ်တော်၏ အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူ ကျင်းပနိုင်သည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုလွှတ်တော်နာယကကို အပ်နှင်းသင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေးနှင့်စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော် နာယကက ခေါ်ယူကျင်းပနိုင်သည်"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်တော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတ၏ အကြောင်းကြားချက်အရ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး၊ သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရေးနှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြရမည်ဆိုလျှင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့်စပ်လျဉ်းပြီးထူးခြားသည့်အခြေအနေများပေါ်ပေါက်သည့်အတွက် အရေးကြီးဆောင်ရွက်ရမည့်အချိန်အခါမျိုး ကြုံလာလျှင်သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရက တင်သွင်းထားသည့် ဥပဒေကြမ်းတစ်ရပ်သည် အများပြည်သူအကျိုးငှာ ဆောလျင်စွာ ဆွေးနွေးဆုံးဖြတ်သင့်သည့် ဥပဒေကြမ်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတက အများပြည်သူအကျိုးအတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခေါ်ယူရန် လိုအပ်သည့် အချိန်အခါနှင့် အခြေအနေမျိုးတွင် နိုင်ငံတော် သမ္မတက ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး၊ သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူပေးရန် ပြည်ထောင်စုလွှတ်တော်နာယကထံ အကြောင်းကြားလာလျှင် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေး၊ သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူပေးရမည်ဆိုသည့် အသေးစိတ်အခြေခံရမည့်မူကို ထည့်သွင်းသတ်မှတ်ထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူကျင်းပရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တိုင်က အကြောင်းအရာတစ်ခုခု အခြေအနေတစ်ရပ်ရပ်ပေါ်မူတည်ပြီး ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် တောင်းဆိုလာခဲ့မည်ဆိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ အနည်းဆုံးလေးပုံတစ်ပုံက တောင်းဆိုမှသာလျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယက က အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပပေးရန် အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခေါ်ယူပေးရန် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက တောင်းဆိုနိုင်သည့် အခွင့်အရေးနှင့် စပ်လျဉ်းပြီး–

"ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စုလွှတ်တော်နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ အထမြောက်ရန် အနည်းဆုံးလိုအပ်မည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရာတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပမည်ဆိုလျှင် အချိန်အခါ အခြေအနေမရွေး အစည်းအဝေး တက်ရောက်နိုင်ခြေရှိမည့်ဦးရေ ရှိသင့်ပါကြောင်း၊ သို့ရာတွင် လွှတ်တော်က ဆုံးဖြတ်ပေးရမည့် ကိစ္စတစ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ် အနည်းငယ်၏ ဆန္ဒသဘောထားနှင့် ဆုံးဖြတ်သည့် အနေအထားမျိုးမဖြစ်ရအောင်လည်း ချင့်ချိန်သတ်မှတ်ရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့အစည်းအဝေး အထမြောက်ရေးနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အများစု တက်ရောက်မှသာ၊ တစ်နည်းအားဖြင့် ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေးအထမြောက်သည်ဟု သတ်မှတ်မည်ဆိုလျှင် လျော်ကန်သင့်မြတ်မည်ဟု သဘောရရှိပါကြောင်း၊ ပထမနေ့တွင် အစည်းအဝေးအထမမြောက်ခဲ့လျှင် ယင်းအစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမှာဖြစ်ပါကြောင်း၊ ဆက်လက်ကျင်းပရသည့် အစည်းအဝေးများကို လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်ဟု သတ်မှတ်သင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ အထမြောက်ခြင်းနှင့် စပ်လျဉ်းပြီး–

ပြည်ထောင်စုလွှတ်တော် နာယကသည် သာမန်အားဖြင့် ဆန္ဒမဲပေးစရာမလိုဘဲ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက် တူညီနေသည့်အခါများမှသာ အနိုင်မဲပေးရမည်

"(က) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေတက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပေးရမည့် ကိစ္စရပ်များအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပြုခွင့်၊ ပြည်ထောင်စုလွှတ်တော်နာယက၏ ဆန္ဒမဲပေးခွင့်တို့နှင့်စပ်လျဉ်းပြီး ဆွေးနွေးရမည်ဆိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် မည်ရွေ့မည်မျှ၏ ဆန္ဒမဲရရှိမှသာ ဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အတိအကျ သတ်မှတ်ထားခြင်းမရှိသည့် ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ရာတွင် အစည်းအဝေးတက်ရောက်ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အများစု၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရန် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် နာယကသည်လည်း သာမန်အားဖြင့် ဆန္ဒမဲပေးစရာမလိုဘဲ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက် တူညီနေသည့်အခါများမှသာ အနိုင်မဲပေးရမည်ဆိုသည့် သတ်မှတ်ချက်လည်း ထားရှိရန်သင့်ပါကြောင်း။

ထို့ကြောင့်–

"(က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော်နာယက၊ သို့မဟုတ် နာယကတာဝန် ထမ်းဆောင်နေသည့် ဒုတိယနာယကသည် ဆန္ဒမဲမပေးရ၊ ထောက်ခံ ဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို မှန်မှန်တက်ရောက် တာဝန်ထမ်းဆောင်ကြရန် တာဝန်ရှိပါကြောင်း၊ မလွှဲမရှောင်သာသည့် အကြောင်းကြောင့် လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်လျှင် ပြည်ထောင်စုလွှတ်တော်နာယကထံ ခွင့်ပန်ကြားရန် လိုအပ်ပါကြောင်း၊ ခွင့်ပန်ကြားရန် အချိန်ကာလကို ၁၅ရက်ဟု သတ်မှတ်မည်ဆိုလျှင် သင့်တင့်သည့် သတ်မှတ်ချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်မရဘဲ ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်မည်ဆိုလျှင် အဆိုပါလွှတ်တော်ကိုယ်စားလှယ်ကို အရေးယူရန်ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ ခွင့်မဲ့ပျက်ကွက်သည့် ၁၅ရက်ကို ရေတွက်ရာတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရန် သတ်မှတ်ချက်ထားရှိသင့်ပါကြောင်း။

ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စု လွှတ်တော်နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စုလွှတ်တော်နာယက က သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၌ ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းဆောင်ရွက်နိုင်စေရေးနှင့် လွှတ်တော်အစည်းအဝေး တရားဝင်တက်ရောက်ခွင့်မရှိသူ တစ်ဦးဦးက ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက်ဆောင်ရွက်ခဲ့ခြင်းကြောင်း ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရမည်ဆိုလျှင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အတွက် ရွေးကောက်ပွဲအသီးသီး ပြုလုပ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာမှ အကြောင်းကြောင်းကြောင့် ဒေသအချို့တွင် ရွေးကောက်ပွဲမပြုလုပ်နိုင်ခြင်း၊ ရွေးကောက်ခံရပြီးသည့်နောက် လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်ခြင်းစသည့် အကြောင်းများကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်မှုတွေဖြစ်ပေါ်နိုင်ပါကြောင်း၊ ယင်းသို့ လစ်လပ်နေသော်လည်း ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေသင့်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို စဉ်ဆက်မပြတ် ပုံမှန်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါကြောင်း၊ ထို့အပြင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်ရာတွင် တရားဝင် တက်ရောက်ခွင့်မရှိသူတစ်ဦးဦးက ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း၊ လွှတ်တော်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း ဆိုသည်တို့မှာ ဖြစ်သင့်ဖြစ်ထိုက်သည့် ကိစ္စမဟုတ်ဟု ယူဆမိပါကြောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ သီးခြားအကြံပြုချက်ကို မိမိတို့စာတမ်း၏ နိဂုံးပိုင်းတွင် ဖော်ပြထားပါကြောင်း။

ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ် နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့် ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း၊ သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များ မှတ်တမ်းများအနက် အမျိုးသားလုံခြုံရေးကို ထိခိုက်နိုင်သည်ဟု သက်ဆိုင်ရာလွှတ်တော်က ထင်မြင်ယူဆရသည့် အကြောင်းအရာများ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ ထုတ်ဝေခြင်းမပြုရန် ကန့်သတ်ထားသည့် ဆုံးဖြတ်ဆောင်ရွက်ချက်များကို ချန်လှပ်ပြီး ကျန်ဆုံးဖြတ်ဆောင်ရွက်ချက်များကို အများပြည်သူသိရှိအောင် ဆောင်ရွက်ရန် သတ်မှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူ သိရှိနိုင်ရန်ထုတ်ပြန်ရမည်၊ သို့ရာတွင် ဥပဒေတစ်ရပ်ရပ် အရဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အချုပ်ပို (ဂ) သို့

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်းမှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ကျင်းပသည့် အမျိုးသား ညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး၊သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထား ရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စား လှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလုစိုး၊ တွံတေးမြို့နယ် မဲဆန္ဒမယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ ကိုယ်စားလှယ်(၆)ဦး စုပေါင်းတင်ပြသည့် ဆွေးနွေး အကြံပြုချက်စာတမ်းအနက် တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ် လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ဖြစ်သည့် တောင်တွင်းကြီး မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်သဘောတူညီချက်၊ အတည်ပြုချက်ရယူရမည်ဆိုလျှင် သတ်မှတ်ချက်မျိုး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းပါရှိမှာဖြစ်ပါကြောင်း။ ယင်းသတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပရန်ရှိလျှင် ကျင်းပရန်ရှိသည့် အနီးကပ်ဆုံးအစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူရန် ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အစည်းအဝေးကျင်းပရန် မရှိလျှင် နိုင်ငံတော်သမ္မတက အကြောင်းကြားသည့်အတိုင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပြီး တင်ပြအတည်ပြုချက်ရယူမှာဖြစ်ပါကြောင်း။ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ကို အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်လျှင် ယင်းအမိန့် ဆက်လက် အာဏာတည်ရမည့်ကာလကိုလည်း တစ်ပါတည်း သတ်မှတ်ပေးရန် လိုအပ်မှာ ဖြစ်ပါကြောင်း။ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်မရလျှင် ယင်းအမိန့်သည် အတည်မပြုသည့်နေ့ကစပြီး အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု ပြဋ္ဌာန်းသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်၊သဘောတူညီချက်၊ အတည်ပြုချက်ရယူရမည့်ကိစ္စများနှင့်စပ်လျဉ်းပြီး–

“(က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလ ဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်လျှင် ယင်းအမိန့် ဆက်လက် အာဏာတည်ရမည့်ကာလကိုလည်း တစ်ပါတည်းသတ်မှတ်ပေးရန် လိုအပ်

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံးပြည်ထောင်စုလွှတ်တော်အစည်း အဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး၊ သို့မဟုတ် အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပ၍ ဆွေးနွေး ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်အခါ–

(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြု မပြု ဆုံးဖြတ်ရမည်၊

(၂) အတည်ပြုရန်ဆုံးဖြတ်ပါက ယင်းအမိန့် ဆက်လက် အာဏာတည်ရမည့် အချိန်ကာလကို သတ်မှတ်ပေး ရမည်၊

(၃) အတည်ပြုချက်မရရှိလျှင်၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည် ခြင်းမှ ရပ်စဲရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါ ကြောင်း။

လွှတ်တော်များ၏အဓိကလုပ်ငန်းသည် ဥပဒေပြုရေးလုပ်ငန်းပင်ဖြစ်ပါ ကြောင်း။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဥပဒေကြမ်းတင်သွင်းခြင်း၊ အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း တို့သည် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းတင်သွင်းခွင့် ရှိစေသင့်ပါကြောင်း၊ ပြည် ထောင်စုအစိုးရကတင်သွင်းသည့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် စီမံကိန်း များ၊ ပြည်ထောင်စု၏ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန် အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ရေးဆွဲတင်သွင်းရမည့် နည်းလမ်းများကိုမူ ဥပဒေနှင့်သတ်မှတ်ရန် လိုအပ်မှာဖြစ်ပါကြောင်း။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းသောပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဥပဒေကြမ်း တင်သွင်းခွင့်နှင့်စပ်လျဉ်းပြီး–

“(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများသည် “ပြည်ထောင်စု ဥပဒေပြုစာရင်း” တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ် ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော် သို့ တင်သွင်းခွင့်ရှိသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော် ၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်း နှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထား သည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေး ဆုံးဖြတ်ရမည်”

ဟုအသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက တင်သွင်းသည့် ဥပဒေကြမ်းများအနက် ပြည်ထောင်စု လွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ် ထားသည့် ဥပဒေကြမ်းများမှအပ အခြားဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၌ ဖြစ်စေ၊ အမျိုးသားလွှတ်တော်၌ဖြစ်စေ ဆွေးနွေးဆောင်ရွက်ခွင့်ရှိသင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။ ထို့ကြောင့်–

“ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤ ဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေ ကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့ လွှတ်တော်တွင် ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေး ဆောင်ရွက်ခွင့်ရှိသည်”

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အချပ်ပို (ဃ) သို့

အချပ်ပို (ခ)မှ

နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေပြုခွင့် ရှိသည့်ကိစ္စရပ်များကို ဥပဒေပြုရာတွင် အများအားဖြင့် ပြည်ထောင်စုတစ်ခုလုံး၌ အာဏာသက်ရောက်စေမည့် ဥပဒေများဖြစ်ရန်များပါကြောင်း၊ သို့ရာတွင် တစ်ခါတစ်ရံ ပြည်ထောင်စုတစ်ခုလုံးနှင့် မသက်ဆိုင်ဘဲ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသကိုသာ အာဏာသက်ရောက်မည့် ဥပဒေမျိုးကို ပြဋ္ဌာန်းရ သည်လည်း ရှိနိုင်ပါကြောင်း၊ တစ်ဖန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့သည် ဥပဒေကြမ်းတစ်ခုကို ဥပဒေအဖြစ်ရောက်ရှိစေရေးအတွက် တူညီသည့်တာဝန်၊ တူညီသည့်လုပ်ပိုင်ခွင့်များ ရှိကြပါကြောင်း၊ ပြည်ထောင်စု လွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်း တစ်ခုကို ပြည်သူ့လွှတ်တော်ကရော၊ အမျိုးသားလွှတ်တော်ကပါ အတည်ပြု ခဲ့လျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူသင့်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး–

“(က) ပြည်ထောင်စုလွှတ်တော်သည် “ပြည်ထောင်စုဥပဒေပြု စာရင်း” တွင် ဖော်ပြသောကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာ သက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင် ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော် နှစ်ရပ်စလုံးကအတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ် ပါကြောင်း။

နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများမှာလည်း နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းပြီးဖြစ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ အား အပ်နှင်းထားသင့်ပါကြောင်း။

အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း ထုတ်ပြန် ခွင့်ကိုမူ သက်ဆိုင်ရာ အာဏာပိုင်များအား အပ်နှင်းရန် သတ်မှတ်သင့်ပါကြောင်း။

နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင် ပယ်ဖျက်နိုင်သည့် လုပ်ပိုင်ခွင့်နှင့် ပြင်ဆင်စေနိုင်သည့် လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုလွှတ်တော် အား အပ်နှင်းထားသင့်ပါကြောင်း၊ လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင်မူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ကျင့်သုံးဆောင်ရွက်ကြရန် သတ်မှတ်သင့်ပါကြောင်း၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်း ဥပဒေတစ်ရပ်ကို ပယ်ဖျက်ရန်၊ သို့မဟုတ် ပြင်ဆင်ရန် လွှတ်တော်နှစ်ရပ်စလုံးက ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်သည်ဟု မှတ်ယူဆောင်ရွက် ရန်လည်း သတ်မှတ်သင့်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်စလုံး ကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ်ရယူရန် သတ်မှတ်သင့် ပါကြောင်း၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ကို ပြင်ဆင်ပယ်ဖျက်ရန် အဆုံးအဖြတ်ပြုခဲ့လျှင် ထိုသို့ ပြင်ဆင်ပယ်ဖျက်ခြင်း မပြုမီ ဆောင်ရွက်ခဲ့ပြီးဖြစ်သော အမှုကိစ္စများကိုလည်း မထိခိုက်စေရန် သတ်မှတ်ချက် ထားရှိသင့်ပါကြောင်း။

ထို့ကြောင့်–

“(က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်း ဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း၊ သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးက နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်း ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်သည်၊ သို့မဟုတ် ပြင်ဆင်စေ သည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန်၊ သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ)၊ သို့မဟုတ်(ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း၊ သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စ များကို ထိခိုက်ခြင်းမရှိစေရ”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါ ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၌ ပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံအချင်းချင်း စာချုပ်များ ချုပ်ဆိုခြင်း၊ မိမိနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်လာသည့်စာချုပ် များမှ နုတ်ထွက်ခြင်းများလည်း ရှိလာနိုင်ပါကြောင်း၊ ယင်းသို့ အပြည်ပြည် ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ သို့မဟုတ် နိုင်ငံအချင်းချင်းစာချုပ်များတွင် ပါဝင် ချုပ်ဆိုခြင်း၊ သဘောတူညီချက်များတွင် ပါဝင်လက်မှတ်ရေးထိုးခြင်း၊ နုတ်ထွက် ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတစ်ခုလုံးကို အကျိုး သက်ရောက်မှုရှိနိုင်သည့် ကိစ္စများဖြစ်သည့်အတွက် သမ္မတတစ်ဦးတည်း၏ ဆန္ဒသဘောထားအရ ဆောင်ရွက်ခွင့်မပြုဘဲ သက်ဆိုင်ရာ လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း၊ ချစ်ကြည်ရေး စာချုပ်၊ ယဉ်ကျေးမှုဖလှယ်ရေး စာချုပ်စသည့် စာချုပ်မျိုး၊ သဘောတူညီချက်မျိုးများကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ် ချက်နှင့် လုပ်ပိုင်ခွင့်လွှဲအပ်မည်ဆိုလျှင် လုပ်ငန်းမြန်ဆန်ထိရောက်နိုင်မှာ ဖြစ်ပါကြောင်း။

ထို့ကြောင့်–

“ပြည်ထောင်စုလွှတ်တော်သည်–

(က) နိုင်ငံတော်သမ္မတက တင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသ ဆိုင်ရာ၊ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ၊ သဘော တူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ သို့မဟုတ် နိုင်ငံအချင်းချင်း ဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ်၊ သို့မဟုတ် သဘောတူညီချက် အမျိုးအစားကို ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက် ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်နိုင်သည်”

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပါအပ်ပါ ကြောင်းဖြင့် တင်ပြသွားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ စနစ်တကျကျင်းပနိုင်အောင် ကြီးကြပ်ကွပ်ကဲသည့်တာဝန်ကို ပြည်ထောင်စုလွှတ်တော်နာယကက ထမ်းဆောင်နိုင်ရေး အသေးစိတ်အခြေခံရမည့်မူများချမှတ်ထားသင့်

အချပ်ပို (ဂ) မှ

ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများကို လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခြင်းမပြုမီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ ဖွဲ့စည်းထားရှိမည့် ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေနိုင်သည့် လုပ်ပိုင်ခွင့်နှင့် ယင်းကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သဘောထားမှတ်ချက်တို့ဖြင့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြနိုင်သည့် လုပ်ပိုင်ခွင့်များ၊ ပြည်ထောင်စုလွှတ်တော်တွင် ရှိသင့်ပါကြောင်း။ ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်း မပြုမီ အသေးစိတ်လေ့လာစိစစ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ တို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲခဲ့လျှင် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အဆုံးအဖြတ်ရယူစေသင့်ပါကြောင်း။ အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ကျင်းပဆဲလွှတ်တော် အစည်းအဝေး၌ ဆုံးဖြတ်ရန် အစည်းအဝေးကျင်းပဆဲကာလ မဟုတ်လျှင် သာမန်အားဖြင့် အနီးစပ်ဆုံး ပုံမှန်အစည်းအဝေး၌ ဆုံးဖြတ်ရန်နှင့် အများပြည်သူအကျိုးအတွက် အလျင်အမြန်ဆုံးဖြတ်ရမည့် ဥပဒေကြမ်းဖြစ်လျှင် အထူး(သို့မဟုတ်)အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပပြီး ဆွေးနွေး ဆုံးဖြတ်ရန် ဆောင်ရွက်သင့်ပါကြောင်း။ ထို့ကြောင့်–

"ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရမည်"

ဟု အသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေကြမ်းများအနက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့်ဥပဒေကြမ်းများကိုလည်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ၁၄ ရက်အတွင်း ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပေးရန် သင့်ပါကြောင်း။ တစ်ဖန်နိုင်ငံတော်သမ္မတအနေဖြင့် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ သတ်မှတ်ထားသည့်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်ပို့ခွင့်လည်းရှိသင့်ပါကြောင်း။ သတ်မှတ်ထားသည့်ကာလအတွင်းတွင် နိုင်ငံတော်သမ္မတအနေဖြင့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တစ်စုံတစ်ရာအရေးယူ ဆောင်ရွက်ခြင်းမရှိလျှင် သတ်မှတ်ကာလပြီးမြောက်သည့်နေ့တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်ဆိုသည့် သတ်မှတ်ချက်လည်း ရှိသင့်ပါကြောင်း။ ထို့ကြောင့်–

"(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်။

(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင်သော် လည်းကောင်း၊ သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ်ထုတ်ပြန်ခြင်း မပြုမီ နိုင်ငံတော်သမ္မတက မိမိသဘောထားမှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်ပို့သည့်အခါ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကိုလက်ခံပြီး ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့လျှင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်းကို ပြင်ဆင်ပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာပေးရန် နိုင်ငံတော်သမ္မတထံ ပြန်လည်တင်ပြရမှာဖြစ်ပါကြောင်း၊ အကယ်၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုခဲ့လျှင် ယင်းသို့ မူလအတိုင်း အတည်ပြုသည့် ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ်ထုတ်ပြန်ကြေညာပေးရန် ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတထံ ပြန်လည်တင်ပြရမှာဖြစ်ပါကြောင်း၊ ယင်းသို့ ပြန်လည်တင်ပြလာသည့် ဥပဒေကြမ်းကို ရရှိသည့်နေ့၏ နောက်တစ်နေ့ကစပြီး (၇)ရက်အတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးရန် သတ်မှတ်သင့်ပါကြောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခြင်း မပြုခဲ့လျှင်လည်း သတ်မှတ်ကာလကုန်ဆုံးသည့်အခါတွင် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်ဆိုသည်ကိုလည်း အသေးစိတ်အခြေခံရမည့် မူများပါရှိသင့်ပါကြောင်း။ ထို့ကြောင့်–

"(က) နိုင်ငံတော်သမ္မတထံပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏ သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည်။ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုရန် ဆုံးဖြတ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော ဥပဒေကြမ်း၊ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ မူလအတိုင်း အတည်ပြုသော ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သော ဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်း မပြုလျှင် သတ်မှတ်ကာလပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေ ကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။"

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည့်ဥပဒေများကို အများပြည်သူသိရှိလိုက်နာနိုင်ရန် ထုတ်ပြန်ကြေညာရပါကြောင်း။ ယင်းသို့ ကြေညာရာတွင် နိုင်ငံတော်ပြန်တမ်း၌ ထုတ်ပြန်ကြေညာသည့်အပြင် နေ့စဉ်ထုတ်သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြသင့်ပါကြောင်း။ ထုတ်ပြန်ကြေညာသည့် ဥပဒေကိုလည်း ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်စေရမည်ဟု သတ်မှတ်သင့်ပါကြောင်း။ ထို့ကြောင့်–

"နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ၊ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ မှတ်ယူရမည် ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရ မည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့် နေ့မှစ၍ အာဏာတည်ရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးများ၊ တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ အနေဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်း ပြောဆိုခွင့်၊ ဆွေးနွေးခွင့်ရှိရန် လိုအပ်ပါကြောင်း၊ သို့ရာတွင် ယင်းအဖွဲ့အစည်းများ သို့မဟုတ် ပုဂ္ဂိုလ်များသည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များမဟုတ်သည့်အတွက် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက်ဖြင့်သာ တက်ရောက်ခွင့် ရှိစေသင့်ပါကြောင်း။ ထို့ကြောင့်–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်"

ဟုအသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို စနစ်တကျ ကျင်းပနိုင်အောင် ကြီးကြပ်ကွပ်ကဲသည့် တာဝန်ကို ပြည်ထောင်စုလွှတ်တော်နာယကက ထမ်းဆောင်နိုင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားသင့်ပါကြောင်း၊ နိုင်ငံတော်သမ္မတက လာရောက်ပြီး မိန့်ခွန်းပြောကြားလိုကြောင်း ဆက်သွယ်အကြောင်းကြားခဲ့လျှင် နာယကက ဖိတ်ကြားရမည့် တာဝန် ရှိသင့်ပါကြောင်း၊ တစ်ဖန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဝင်များကိုလည်း အများပြည်သူအတွက် အကျိုးရှိမည်ဟု သဘောရရှိလျှင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားနိုင်သည့် လုပ်ပိုင်ခွင့်မျိုးလည်း ပြည်ထောင်စုလွှတ်တော် နာယကမှာ ရှိသင့်ပါကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ သတ်မှတ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း ဆောင်ရွက်စေသင့်ပါကြောင်း။ ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်နာယကသည်–

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများ၊ သို့မဟုတ် ပုဂ္ဂိုလ်များကို ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ရှင်းလင်း တင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်"

ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ အသိပေးတင်ပြသင့်သည်ဟု သဘောရရှိလျှင် ယင်းအဖွဲ့အစည်းအနေဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်ခွင့် ရှိသင့်ပါကြောင်း။ ထို့ကြောင့်–

"ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းများသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို နာယက၏ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်"

ဟုအသေးစိတ်အခြေခံရမည့် မူချမှတ်သင့်ကြောင်းအကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ လွတ်လပ်စွာ တင်ပြပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသင့်ပါကြောင်း။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆို ဆွေးနွေးမှုများနှင့်စပ်လျဉ်းပြီး အရေးယူရန် လိုအပ်လာလျှင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသင့်ပါကြောင်း။ ပြည်ထောင်စုဥပဒေကြမ်း ကော်မတီဝင်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအသီးသီးကို ကိုယ်စားပြုသည့် အဖွဲ့အစည်းဝင်များ၊ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနည်းတူ ပြောဆိုဆွေးနွေးမှုများသည်လည်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေများအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရှိသင့်ပါကြောင်း။

အကယ်၍ ကိုယ်ထိလက်ရောက် ကျူးလွန်မှုရှိခဲ့လျှင် ကျူးလွန်သူတို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူသင့်သည်ဟု သဘောရရှိပါကြောင်း။

ထို့ကြောင့်–

"(က) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော်ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ထိုသို့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီတို့တွင် တင်ပြ ဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်း သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စား ပြုသောအဖွဲ့အစည်းဝင်များ၊ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော် လည်း ကောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက် များနှင့်သော် လည်းကောင်း၊ မဆန့်ကျင်လျှင် ပြည်ထောင်စု လွှတ်တော်တွင် လွတ်လပ်စွာပြောဆိုခွင့်ရှိသည်။ ပြည်ထောင်စု လွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့ အစည်းဝင်များ၊ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ဂ) အထက်အပိုဒ်(က)နှင့်(ခ)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိ လက်ရောက်ကျူးလွန်မှုများ ရှိခဲ့ပါက ယင်းတို့သည် တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်"

ဟုအသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးကိုဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို နာယက၏ခွင့်ပြုချက်ဖြင့် တက်ရောက်နေသူများ၊ နာယက၏ဖိတ်ကြားခြင်းခံရသည့် ပုဂ္ဂိုလ်များသည်လည်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတက်ရောက်နေခိုက်တွင် ဖမ်းဆီးရန်လိုအပ်လာလျှင် ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသည့် အထောက်အထားနှင့် ချက်ချင်းဖမ်းဆီးရန် လိုအပ်ကြောင်း အထောက်အထားများကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြပြီး နာယက၏ကြိုတင်ခွင့်ပြုချက်ရှိမှသာ ဖမ်းဆီးရမည်ဆိုသည့် အသေးစိတ်အခြေခံမှုလည်း ချမှတ်သင့်ပါကြောင်း။ ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက်နေသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ ပြည်ထောင်စု လွှတ်တော် နာယက၏ခွင့်ပြုချက်၊ သို့မဟုတ် ဖိတ်ကြားချက်အရ ယင်း အစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်ထောင်စုလွှတ်တော် နာယကထံတင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်နာယက၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ"

ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်၏ မှတ်တမ်းမှတ်ရာများကို စနစ်တကျ ထိန်းသိမ်းရန် အများပြည်သူသိရှိနိုင်အောင် ဖြန့်ချိထုတ်ဝေရန်ဆိုသည့် အချက်များကို ဥပဒေနှင့်သတ်မှတ် သင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ဖြန့်ချိထုတ်ဝေသည့်၊ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်၏ အခွင့်အာဏာနှင့် ဖြန့်ချိထုတ်ဝေသည့် မှတ်တမ်းမှတ်ရာများနှင့် စပ်လျဉ်းပြီး တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသင့်ပါကြောင်း။ ထို့ကြောင့်–

"ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရ သော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာ များ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ"

ဟု အသေးစိတ် အခြေခံရမည့်မူချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် တင်ပြသွားသည်။

(သတင်းစဉ်)